# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် ( ၂၉၉ )

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဗာဆေးပီတယ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ယာပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာဗာဆေးပီတယ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

# စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ် ကာကွယ်တိုက်ဖျက်

မူးယစ်ဆေးဝါးသည် ကမ္ဘာ့လူသား ၆၀၀၀ခန့်ကို နေ့စဉ်သေဆုံးစေလျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်နိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်နှိမ်နင်းမှုများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ဆောင်လျက်ရှိရာ ဘိန်းဖြူဆေးခြောက်အန္တရာယ်မှာ တစ်စတစ်စချုပ်ငြိမ်းပျောက်ကွယ်လုနီးလာပြီဖြစ်သည်။ သို့သော်လည်း စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ်မှာ ယခုအချိန်ထိ ခြိမ်းခြောက်နေဆဲဖြစ်သည်။ ဘိန်းဖြူ ဆေးခြောက်အပါအဝင် အခြားမူးယစ်ဆေးများသည် နှိမ်နင်းမှုကြောင့်ရှားပါးလာသည့်အပြင် ဈေးကြီးခြင်းကြောင့် လူငယ်အချို့က ဈေးသက်သာသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို နည်းအမျိုးမျိုးဖြင့် ဝယ်ယူသုံးစွဲလာကာ ဆေးပြားအနေဖြင့်စားခြင်း၊ အရည်ဖျော်ပြီး သွေးကြောထဲထိုးသွင်းခြင်း၊ အငွေ့ကိုရှူခြင်း စသည်ဖြင့် သုံးစွဲကြသည်။

ရာဇဝတ်မှုအချို့မှာ လူငယ်အချို့ စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲပြီး ကျူးလွန်ခဲ့သည်ကို တွေ့ရသည်။ စိတ်ကြွရူးသွပ်ဆေးသုံးစွဲသူများသည် လုပ်ငန်းဆောင်တာများ၌ မှားယွင်းသည့်ဆုံးဖြတ်ချက်များ ပြုလုပ်တတ်ခြင်း၊ မိသားစုအတွင်းဆက်ဆံရာ၌ အဆင်မပြေခြင်းများ အပြင် ဆေးကြောင့် စိတ်ကိုသာမန်ထက် တက်ကြွသွေးဆူစေ၍ မှုခင်းများကို ဖြစ်စေတတ်သည်။

ထို့ကြောင့် သက်ဆိုင်ရာက စိတ်ကြွရူးသွပ်ဆေးများ ဝင်လာသည့်နေရာ၊ သုံးစွဲနေသူများနှင့် ရောင်းချသည့်နေရာများကို စုံစမ်းဖော်ထုတ် ဖမ်းဆီးခြင်းများပြုလုပ်လျက် ရှိသည်။ ထို့အပြင် လူငယ်များအနေဖြင့်လည်း ပင်ကိုအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ကူညီမည်ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ်သည်။

လူငယ်များ၏ အနာဂတ်ဘဝများစွာကို ပျက်သုဉ်းနစ်နာစေမည့် စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တိုက်ဖျက်ရန်မှာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ တာဝန်သာမက လူငယ်များအနေဖြင့်ပါ သုံးစွဲမှုမှ ရှောင်ကြဉ်ခြင်း၊ ရောင်းချနေသော နေရာများတွေ့ရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊ ပတ်ဝန်းကျင်ရှိ မိမိတို့၏အပေါင်းအသင်း သူငယ်ချင်းများအကြား မသုံးစွဲကြရန်သတိပေးခြင်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီခြင်းသည် အထိရောက်ဆုံး ကာကွယ်မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၉-၇-၂၀၀၆**
**(စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"သတ္တပညာသုတ်"**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"အက်စစ်တစ်စက် ဝိုင်တစ်ခွက်"** (လွင်မိုး၊ နန္ဒာလှိုင်)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၅၅ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၆၅) ဇာတ်သိမ်း
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်"**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁၈)

ဇူလိုင် ၂၁ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပရိဘောဂ စက်ရုံ အမှတ်(၁/၂/၃) ရောင်းဖြန့်အကြို အခြေခံမီးသတ် သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ဌေးဝင်းက သင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းတိုးတက်ရေးအားပေး

# စက်မှုဇုန်များဖွံ့ဖြိုးရေး ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် နံနက်၁၀နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတ မြို့နယ်ရှိ သာကေတ စက်မှုဇုန်သို့ ရောက်ရှိလာရာ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံး၌ ရန်ကုန် အရှေ့ပိုင်းခရိုင် စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်က ခရိုင်အတွင်းရှိ စက်မှုဇုန်များဆိုင်ရာ အချက်အလက်များ၊ ဘဏ္ဍာရေးနှစ် အလိုက် စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ အသားတင်ထုတ်လုပ်မှု တန်ဖိုးနှင့်စက်မှုလုပ်ငန်းပါဝင်မှု အချိုးအစားနှင့် စက်မှုဇုန်များ၌ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က မြို့နယ်၏ ၂၀၀၆/၂၀၀၇ခုနှစ် ဘဏ္ဍာရေး စီမံကိန်း လျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုကို လည်းကောင်း၊ သာကေတစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တင့်က စက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စက်မှုဇုန်အတွင်း ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းမှူးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေး မြှင့်တင်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အားပေးမှုနှင့်အညီ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် တိုင်းအတွင်းရှိစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းကမ်း၊ ဥပဒေဘောင်အတွင်းမှ မှန်မှန်ကန်ကန်လုပ်ကိုင်၍ စက်မှုစွမ်းအားမြင့်မားအောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ သာကေတ စက်မှုဇုန်၊ မြမာလာလမ်းရှိ High Tech Concreate Co.,Ltd. ၏ ကွန်ကရစ်စက်ရုံသို့ ရောက်ရှိလာပြီး စက်ရုံအတွင်း အသင့်ဖျော်ကွန်ကရစ် ထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း၊ ရန်နိုင်ဆွေလမ်းရှိ Nibban Electric & Electronic Co.,Ltd. ၏ စက်ရုံအတွင်း Nibbanနှင့် ဗဟိုတံဆိပ် တီဗွီအင်တာနာ၊ အင်ဗာတာ၊ မီးအားမြှင့်စက်နှင့် Safe Guard များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ရန်နိုင်ဆွေ(၂)လမ်းရှိ Grand Win Manufacturing Ltd. ၏ Twin Brothers Seafood အအေးခန်း စက်ရုံအတွင်း ငါး၊ ပုစွန်အမျိုးမျိုး ထုတ်လုပ်နေမှုကို လည်းကောင်း **(အပေါ်ပုံ)**၊ စက်မှုဇုန်အတွင်း လမ်းဘေး ဝဲယာ၌ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ မြမာလာလမ်းရှိ Jewoo အထည်ချုပ်စက်ရုံအတွင်း ဂျာကင်နှင့် အဝတ်အထည်များ ချုပ်လုပ်နေမှုကို လည်းကောင်း၊ မြန္နာလမ်းရှိ KSS Trading & Manufacturing Co.,Ltd. ၏ စက်ရုံအတွင်း ဟင်းခတ်မှုန့်နှင့် အခြားဟင်းခတ် အမှုန့်မျိုးစုံ၊ ဆန်မှုန့်၊ ပဲမှုန့်မျိုးစုံ၊ စည်သွတ်ဘူးများ ထုတ်လုပ်နေမှုနှင့် စွမ်းထက် မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် Thunder သုံးဘီးမော်တော်ယာဉ်ကို လည်းကောင်း လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

သာကေတ စက်မှုဇုန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင်သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ငမိုးရိပ် ကမ်းနားတစ်လျှောက်ရှိ မြေဧက ၂၀၀ပေါ်၌ တည်ရှိပြီး ၁၉၉၅ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ စက်မှုဇုန်အတွင်း၌ စက်ရုံပေါင်း ၁၁၆ရုံ လည်ပတ်လျက်ရှိပြီး မြန်မာငွေကျပ် ၄၅၇၅ ဒသမ ၂၇သန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ မြန်မာငွေကျပ် ၇၃၆၅သန်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ဒေါက်တာဘရုခ်ဘာရင်တန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

# ဆန်စပါးစိုက်ပျိုးရေး ရေနှင့်မြေအရင်းအမြစ်များတိုးတက်ရရှိအောင်ရှာကြံ ဝင်ငွေရရှိရေးဖြစ်ထွန်းစေမည့် နှစ်ရှည်ပင်များမပြတ်မနေစိုက်ပျိုး ဒေသအကျိုးဖြစ်ထွန်းစေမည့်အကြံဉာဏ်များရှာဖွေပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

**ချင်းပြည်နယ် ကန်ပက်လက်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ ကန်ပက်လက်-ဆော ကားလမ်းဘေးရှိ ကန်ပက်လက်မြို့နယ်မှ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန်ပက်လက်-ဆောလမ်းအတိုင်း ဆောမြို့သို့ထွက်ခွာကြပြီး ဆောမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာတင့်ဆွေနှင့်တာဝန်ရှိသူများကဆေးရုံအတွင်း လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဆော-ကျောက်ထုလမ်း မိုင်တိုင်အမှတ် ၂၃/၀ ရှိ အညာကတင်းကျေးရွာ၌ မနောသုခ မိုးစပါး ၂၈၅ ဧကကို တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၁၃/၄ ရှိ ကျောက်စစ်ကျေးရွာ၏ ခြံစည်းရိုးကြက်ဆူပင် ၂၅ ဧက စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တောင်တက်ကျေးရွာအုပ်စု၌ ရေရှင်ရေလွှဲဆည် ရေသောက် မနောသုခ မိုးစပါးစိုက်ခင်းကို လည်းကောင်း၊ ရေရှင်ကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူပင် သုံးဧကစိုက်ခင်းကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကျောက်ထု-ပေါက်လမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ဆောမြို့နယ် သန်းဥချောက်ရိုးပေါ်ရှိ သန်းဥချောက်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆည်ရေသောက်ဧရိယာ ပိုမိုတိုးတက်ရရှိရေး၊ လယ်မြေဧကတိုးတက်ရေးနှင့် တညင်း၊ ထောပတ် စသော နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးကြရန် မှာကြားကာ တမံမြေဖို့ခြင်းလုပ်ငန်းနှင့် ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## အားပေးစကား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူ-ကျောက်ထုလမ်းအတိုင်း ကျောက်ထုမြို့သို့ ရောက်ရှိကြပြီး ကျောက်ထုမြို့ရှိ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာဇော်လင်းက လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လိုက်လံပြသရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူးတို့က ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ကျန်းမာရေးအခြေအနေများမေးမြန်း၍ အားပေးစကားပြောကြားကြသည်။

## ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ထုမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးကြပြီးနောက် ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဂန့်ဂေါခရိုင်နှင့်မြို့နယ်အသင်းဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ခရိုင်နှင့်မြို့နယ်အသင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်နှင့် ခရိုင်ချင်းဆက်စပ်လျက်ရှိသော ဂန့်ဂေါခရိုင်အနေဖြင့် ဆန်စပါးစိုက်ပျိုးမှုအတွက် ရေနှင့်မြေအရင်းအမြစ်များ တိုးတက်ရရှိအောင်ရှာကြံ၍ စပါးစိုက်ပျိုးမှုကို ပိုမိုတိုးချဲ့ကာ ပခုက္ကူခရိုင်အတွက် အထောက်အပံ့ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## မပြတ်မနေစိုက်ပျိုး

ထို့အတူ ခရိုင်အတွင်း၌ နှစ်ရှည်သီးနှံပင်ဖြစ်သော တညင်း၊ သရက်၊ ပိန္နဲနှင့် ထောပတ်ပင်များကို စိုက်ပျိုးသွားကြရန် ယခင်ကပင်သတ်မှတ်ထားပြီးဖြစ်ရာ ဒေသ၏ စိမ်းလန်းစိုပြည်ရေးနှင့် ဝင်ငွေရရှိရေးကို ဖြစ်ထွန်းစေမည့် အဆိုပါ နှစ်ရှည်ပင်များကို မပြတ်မနေစိုက်ပျိုးသွားကြရန် ဖြစ်ကြောင်း။

ဌာနဆိုင်ရာများသည် ဒေသနေပြည်သူတို့အတွက် စံပြဖြစ်အောင် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးသီးနှံများ၊ ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည့်အကြံဉာဏ်များကို ရှာဖွေကြံဆ၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မင်းလယ်တောရေလွှဲဆည်သို့ သွားရောက်ပြီး မင်းလယ်တောရေလွှဲဆည်နှင့် ရေပေးမြောင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေအခက်အခဲမရှိတော့၍ မင်းလယ်တောရေလွှဲ ဆည်မှရေဖြင့် စပါးဧကတိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်မြို့နယ် ဆူးပုတ်ခုံကျေးရွာအနီးရှိ ကျောရေလွှဲဆည် ရေပေးတူးမြောင်း အဆင့်(၄)သို့ ရောက်ရှိကြရာ ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးဝင်းနှင့် ပခုက္ကူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးတို့က ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ပေါက်မြို့နယ်၏ မိုးစပါးစိုက်ပျိုးမှုတွင် ရေရရှိရေးကို နည်းလမ်း မျိုးစုံဖြင့် တိုးချဲ့ဆောင်ရွက်ခဲ့သဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်၌ မိုးစပါး ၁၄၄၈၃ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရှိရသည်။

## လုပ်ငန်းဆောင်ရွက်မှုများ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်မြို့သို့ရောက်ရှိကြပြီး ပေါက်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကြရာ ဆိုင်တာဝန်ခံဦးမျိုးမြင့်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

## ဒေသဖွံ့ဖြိုးရေး

ထို့နောက် ပေါက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပေါက်ပင်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပေါက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသန်းအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်ကို ဆန်ဖူလုံမှုရှိလာစေရန်အတွက် စပါးစိုက်ပျိုးမှုတွင် အဓိကလိုအပ်သော စိုက်ပျိုးရေဖူလုံစွာရရှိရန် ယောချောင်း၊ ကျောချောင်းများ၌ ရေလွှဲဆည်များ၊ ဆည်ကန်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် ရရှိသောရေအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချ၍ စိုက်ဧကများတိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ပြီး နှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြို့နယ်ရှိ ကျောင်းများအတွက် ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ သတင်းစာနှင့်ဂျာနယ်မျိုးစုံကို လည်းကောင်း တာဝန်ရှိသူများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပေါက်တံတား(ရေပြာ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်-ပခုက္ကူလမ်းရှိ အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို ရောက်ရှိကြရာ တံတားနှင့်ရေစီးဆင်းမှု၊ ရေထိန်းနံရံများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည် ခိုင်ခံ့ရန် ချောင်းရေစီး၌ ရေမျောခံအဖြစ် တည်ဆောက်ထားသည့် သစ်တိုင်များ ခိုင်ခံ့မှုရှိရေး၊ ချောင်းရေစီးတိုက်စားမှုခံနိုင်ရန် လိုအပ်သည့်နေရာတွင် ကျောက်စီနံရံများ ပြုလုပ်ရေး မှာကြားသည်။

အဆိုပါအမှတ်(၂) ပေါက်တံတား (ရေပြာ)ကို ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းပေါ်ရှိ ယောချောင်းနှင့် ကျောချောင်းတို့ကိုဖြတ်သန်းတည်ဆောက်ထားပြီး အရှည်ပေ ၂၄၉၀ ရှိ တစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်သည်။ တံတား၏ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၅၅ ပေရှိပြီး တံတား၏ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်သည်။

## စပါးစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေါက်မြို့နယ်ရေပြာကျေးရွာရှိ ရေပြာမြစ်ရေတင်စခန်းသို့သွားရောက်ပြီး ရေပေးမြောင်းများတွင် ရေပေးနေမှုနှင့် ရေတင်စိုက်ပျိုးသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေတင်စခန်းတွင် ယောချောင်းမှရေကို ၁၃ ပေအမြင့်မှ ၆၅ ပေအမြင့်သို့ ၇ ဒသမ ၇ ကျူဆက်မြင်းကောင်ရေ ၄၀ အား လေးလုံးဖြင့်တင်ယူပြီး စပါးစိုက်ဧက ၁၃၀၀ သို့ ရေပေးနိုင်မည်ဖြစ်ကာ ယခုအခါ မိုးစပါးဧက ၆၀၀ စိုက်ပျိုးနိုင်ရေး ရေတင်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့်စံဖဲကျေးရွာရှိရေတင်စခန်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံဖဲရေတင်စခန်းမှရေဖြင့် မိုးစပါးများ ကောက်စိုက်နေမှု၊ လယ်မြေဖော်ထုတ်နေမှုကိုလည်းကောင်း၊ ယောချောင်းမှ ရေတင်နေမှုနှင့် မိုင်တိုင်အမှတ်၃၆/၇၌ စံဖဲရေတင်စခန်းမှ ပေးပို့သည့်ရေဖြင့် မနောသုခ မိုးစပါး စိုက်ခင်းများကိုလည်းကောင်း၊ သမားတော်ကျေးရွာအုပ်စု ခြံစည်းရိုး

***စာမျက်နှာ ၁၁ ကော်လံ ၁ သို့***

29-7 (03).p65 1 1/11/32, 2:37 AM

# ငါးမည်းလုံးနှင့် ငါးကင်စားသုံးမှု နှလုံးခုန်နှုန်းကို မှန်စေသည်ဟုဆို

နယူးယောက် ဇူလိုင် ၂၈

**ငါးမည်းလုံး သို့မဟုတ် အခြားကင်ထားသည့်ငါး သို့မဟုတ် မီးဖုတ်ထားသည့်ငါးများကို စားသုံးခြင်းသည် နှလုံး၏ လျှပ်စစ်ဆိုင်ရာစနစ်ကို အကျိုးပြုပြီး နှလုံးခုန်မှုမမှန်သဖြင့် အသက်အတွက် စိုးရိမ်ရမှုကို ကာကွယ်မှုပေးနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။** (ဝဲပုံ)

စောစောပိုင်း သတင်းများအရ ရုတ်တရက်သေဆုံးမှုနှင့် ပုံမှန်မဟုတ်သည့် နှလုံးခုန်မှုကို သက်သာစေခြင်းသည် ငါးစားသုံးခြင်းနှင့် နီးနွယ်နေသည်ဟု သိထားသော်လည်း မည်သည့် ယန္တရားနှင့် နွယ်နေကြောင်း မသိရှိကြသေးပေ။ မည်သို့ပင်ဖြစ်စေ နှလုံးလျှပ်စစ်လှည့်ပတ်မှုနှင့် ပတ်သက်၍ ငါးအဆီကိုစားသုံးခြင်းဖြင့် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိသည်ကို ခန့်မှန်းလာနိုင်ခဲ့သည်။

အဆိုပါ လေ့လာမှုကို ကာဒီယိုလော်ဂျီ အမေရိကန်ကောလိပ်ဂျာနယ်တွင် ဘော့စတွန်မြို့ ဟားဗက်ဆေးဘက်ဆိုင်ရာကျောင်းမှ ဒေါက်တာဒါရွှတ်ချ်မိုဇတ်ဖာရင်းက အရွယ်ရောက်ပြီးသူ ၅၀၉၆ ဦးကိုလေ့လာကာ ရေးသားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လေ့လာမှုကို အနည်းဆုံး အသက် ၆၅ နှစ်ရှိသူများအား ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်း လေ့လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ လေ့လာချက်အရ တစ်ပတ်လျှင်ငါးမည်းလုံး သို့မဟုတ် ကင်ထား၊ မီးဖုတ်ထားသည့်ငါးကို အနည်းဆုံး တစ်ကြိမ် စားသုံးခြင်းသည် တစ်လကြာမှ တစ်ကြိမ်စားသုံးသူများထက် နှလုံးရောဂါဖြစ်ပွားမှု လျော့နည်းကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

ထို့ထက် ပို၍တစ်ပတ်လျှင် အနည်းဆုံးငါးကြိမ် ငါးစားသုံးလျှင် နှလုံးခုန်မှုကို ကောင်းမွန်စေကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

## လူငယ်များ ဂေါက်သီးရိုက်သင်တန်း တရုတ်၌ ခေတ်စားလာနေ

ပေကျင်း ဇူလိုင် ၂၈

**တရုတ်နိုင်ငံတွင် လူငယ်များအတွက် ဂေါက်သီးရိုက်သင်တန်းများသည် ခေတ်စားလာနေကြောင်း ဇူလိုင် ၂၇ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။**

ပေကျင်းအားကစား လေ့ကျင့်သင်ကြားရေးအဖွဲ့ အက်စ်ဂျီအေဂေါက်ကလပ်၊ တိန်ရီဂေါက်ကလပ် အပါအဝင် မြို့တော်ရှိဂေါက်ကလပ်အသင်းများသည် လူငယ်များအတွက် နွေရာသီသင်တန်းနှင့် စနေ၊တနင်္ဂနွေသင်တန်းများအတွက် ကမ်းလှမ်းခေါ်ယူလျက်ရှိသည်။

**ပိုမိုများပြား**

ပြီးခဲ့သော နှစ်အတွင်းက ဂေါက်လေ့ကျင့်ရေးစခန်းများသည် ပေကျင်းတွင် လူကြိုက်များလာခဲ့ပြီး ယခုနှစ်နွေရာသီတွင် ပိုမိုများပြားလာခဲ့သည်။

**ပြောကြား**

ပထမနွေရာသီကာလ သင်တန်းမစတင်မီ ဂေါက်သင်တန်းနှင့်ပတ်သက်၍ ဖုန်းဖြင့်ဆက်သွယ်သူ ရာပေါင်းများစွာ၏ ဖုန်းဆက်သွယ်မှုကို မိမိတို့ရရှိခဲ့ကြောင်း၊ ပြီးခဲ့သောနှစ် အရေအတွက်ထက် သင်တန်း အတွက် လျှောက်ထားသူ အရေအတွက်သည် နှစ်ဆရှိခဲ့ကြောင်း တိန်ရီဂေါက်ကလပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကုန်ကျမည်**

အချိန်ပိုင်းသင်တန်းနှင့် ကာလရှည်သင်တန်းများကို တက်ရောက်နိုင်ပြီး သုံးလသင်တန်းအတွက် လူငယ်တစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၂၅၀ ကုန်ကျမည် ဖြစ်ကြောင်း သင်တန်းကျောင်းအုပ် လီနန်က ပြောကြားသည်။

**အင်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

## အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လက်ဘနွန်အဆောက်အအုံများ ပျက်စီးခဲ့ရ

ဘေရွတ် ဇူလိုင် ၂၈

**အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သည် ဇူလိုင် ၁၂ ရက်မှစပြီး ပဋိပက္ခ စတင်ဖြစ်ပွားခဲ့ရာမှ နှစ်ပတ်အကြာ ဇူလိုင် ၂၆ရက်အထိ အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော လက်ဘနွန် အခြေခံအဆောက်အအုံများစာရင်းကို လက်ဘနွန် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ အောက်ပါအတိုင်း ဖော်ပြသည်–**

**လေဆိပ်များ**

ဘေရွတ်နိုင်ငံတကာလေဆိပ်နှင့် ကွာလီရက်လေဆိပ်တို့ပျက်စီး၊

**ဆိပ်ကမ်းများ**

ရာရက်စစ်ဘက်ဆိပ်ကမ်း၊ ဘေရွတ်ဆိပ်ကမ်းနှင့် ထရိုင်ပိုးလီ ဆိပ်ကမ်းတို့ တိုက်ခိုက်ဖျက်ဆီးခံရ၊

**အခြားပို့ဆောင်ရေး**

ဘေရွတ်ရှိ မီးပြတိုက်တစ်ခု၊ တံတား ၆၂ စင်း၊ ဓာတ်ဆီဆိုင် ၂၂ ဆိုင်၊ မိုးပျံလမ်း ၇၂ခုတို့ ပျက်စီး၊

**စစ်ဘက်ဆိုင်ရာအဆောက်အအုံ**

လမ်းကီလိုမီတာ ၆၀၀၊ ရေဒါစခန်းလေးခု၊ စစ်တန်းလျားတစ်ခု၊ နေအိမ်အလုံး ၅၀၀၀တို့ ပြိုပျက်၊

**စီးပွားရေးဆိုင်ရာအဆောက်အအုံ**

ဘက်ခါးရှိ စက္ကူစက်ရုံ၊ ပုလင်းစက်ရုံနှင့် အခြားစီးပွားရေးလုပ်ငန်း ၁၅၀ခန့် ဆုံးရှုံးပျက်စီး၊

**ဆက်သွယ်ရေးအဆောက်အအုံ**

ဟစ်ဇ်ဘိုလာတို့၏ အယ်မာနာ ရုပ်သံလွှင့်စက်ရုံ၊ ဘေရွတ်ရှိ အမ်တီစီမိုဘိုင်းလ်ဖုန်း အင်တီနာ၊ ဂျီရက် ဓာတ်အားပေးစက်ရုံ၊ ဆစ်ဘလိုင်း ဓာတ်အားပေးစက်ရုံနှင့် ဆာဟာနီရှိ မီလ္လာစက်ရုံတို့ဖြစ်ကြသည်။ **(အင်တာနက်)**

**လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ပြိုကျပျက်စီးသွားသော အဆောက်အအုံများကြားမှ ဒုက္ခရောက်နေသူများအား ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ကယ်လီဖိုးနီးယား၌ တောမီးလောင်

**လော့အိန်ဂျလိစ် ဇူလိုင် ၂၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီတောင်ကုန်းများဝန်းကျင်တွင် တောမီးလောင်နေသောကြောင့် ဇူလိုင် ၂၅ရက်က မီးသတ်သမားများ ငြိမ်းသတ်နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘီဗာလီတောင်ကုန်းအထက်ရှိ ဘီနီဒစ်ကန်ယွန်တောင်ကုန်းတွင် တောမီးလောင်စဉ် အိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း အဆောက်အအုံအများအပြားအား ကူးစက်မလောင်ကျွမ်းမီ မီးငြိမ်းသတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောကြားသည်။ ဒေသခံများအား ပြောင်းရွှေ့ပေးရမှု၊ ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ အစီရင်ခံဖော်ပြခြင်းမရှိသေးပေ။

**ပြောင်းရွှေ့**

ထိုစဉ် ဆန်ဒီရိုမြို့ရှိ မီးသတ်သမားများသည် ပြင်းထန်စွာ လောင်နေသော တောမီးအား ငြိမ်းသတ်နိုင်ရန်အတွက် သုံးရက်မြောက်နေ့အထိ ကြိုးပမ်းဆောင်ရွက်နေရသည်။ ယင်းတောမီးကြောင့် မြေဧက ၁၅၄၀၀ကျော် မီးလောင်ကျွမ်းခဲ့ရပြီး အနီးဝန်းကျင်ရှိ ဒေသခံများအား ပြောင်းရွှေ့ကြရန်တိုက်တွန်းထားသည်။

**အမ်အင်အေ၊ရိုက်တာ**

**ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီတောင်ကုန်းများ ဝန်းကျင်တွင် တောမီးလောင်နေသောကြောင့် မီးသတ်သမားများ ငြိမ်းသတ်နေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## အီရတ်၌ လူ ၁၇ဦးအား သေနတ်သမားများဖမ်းဆီး

**ဘဂ္ဂဒက် ဇူလိုင် ၂၈**

အီရတ်နိုင်ငံ ကာရာဒါဒေသဝန်းကျင်တွင် ရဲကွန်မန်ဒိုဝတ်စုံ ဝတ်ဆင်ထားသော သေနတ်သမားများသည် မိန်းမနှင့်ကလေးအပါအဝင် လူ ၁၇ဦးအား ဇူလိုင် ၂၆ ရက်က ပြန်ပေးဆွဲသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်။

ကားငါးစီးဖြင့် ရဲကွန်မန်ဒို ဝတ်စုံဝတ်ဆင်ထားသော သေနတ်သမားများသည် ညနေ ၄ နာရီ မိနစ်၂၀ ခန့်တွင် ကာရာဒါဒေသဝန်းကျင်ရှိ လူနေအဆောက်အအုံတစ်ခုအား ဝင်ရောက်တိုက်ခိုက်ပြီး ယင်းနေရာမှ မထွက်ခွာမီ လူ ၁၇ဦးအား ကားပေါ်သို့ ဆွဲတင်ခေါ်ဆောင်သွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသို့ သတင်းပေးပို့ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အိန္ဒိယ၌ ငှက်ဖျားရောဂါဖြစ်ပွား မတ်လမှ ယခုအထိ ၂၇၁ ဦးသေဆုံးခဲ့

**နယူးဒေလီ ဇူလိုင် ၂၈**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အက်ဆမ်ပြည်နယ်တွင် ယခုနှစ်မတ်လကတည်းက ဖြစ်ပွားခဲ့သော ငှက်ဖျားရောဂါကြောင့် လူ၂၇၁ဦးထက်မနည်း သေဆုံးသွားကြောင်း အင်ဒို–အာရှသတင်းဌာနက ဖော်ပြသည်။

ယခုအချိန်အထိ လူ၂၇၁ဦး သေဆုံးသည့်သတင်း ရရှိခဲ့ကြောင်း၊ နောက်ထပ်လည်း သတင်းများလာနေဆဲဖြစ်သဖြင့် အမှန်တကယ်သေဆုံးသည့် အရေအတွက်မှာ တိုးလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး ဟီမင်တာဘတ်စဝါဆာမာက ပြောကြားသည်။

ငှက်ဖျားတိုက်ဖျက်ရေး အစီအစဉ်များ နှေးကွေးနေမှုကြောင့် ယခုနှစ်တွင် အဆိုပါရောဂါ ပြန်လည်ခေါင်းထောင်လာခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ငှက်ဖျားရောဂါနှင့် ပတ်သက်၍ ဆရာဝန်များအား အထူးသင်တန်းများပေးရန် ရူပီး ၁ ဒသမ ၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈သန်းခန့်)ကို အစိုးရက လျာထားပြီးဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မျက်စိနာရောဂါ ကင်းဝေးလိုပါလျှင် တစ်ကိုယ်ရေသန့်ရှင်းမှု အလေးထားရန်လို အပ်

**တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၂၈**

ယခုတလော မျက်စိနာရောဂါများ အဖြစ်များနေသည်ကို တွေ့ရသည်။ ယင်းမျက်စိနာရောဂါများနှင့် ပတ်သက်ပြီး ရှောင်ရန် ဆောင်ရန် သိရှိလိုသည်များ ပြည်သူများအား အသိပညာပေးနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က အမှတ် ၃၀ နတ်မောက်လမ်းရှိ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးသို့ သွားရောက်မေးမြန်းခဲ့ပါသည်။

### ပိုဖြစ်ပွား

ရှေးဦးစွာ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှဆေးရုံအုပ်ကြီး ဒေါက်တာဦးအမ်ဂျာနော်က မျက်စိ နာရောဂါများဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် **"မျက်စိနာရောဂါများ ယခင်နှစ်တွေ ကထက် ဒီနှစ်မှာ ပိုဖြစ်လာတယ်လို့ ထင်ပါတယ်၊ ဒီအတွက်လည်း ကျွန်တော်တို့ မျက်စိဆေးရုံအနေနဲ့ ပါမောက္ခတွေပါဝင်တဲ့ စီမံခန့်ခွဲရေး ကော်မတီက မေလလောက် ကတည်းက မျက်စိရောဂါနှင့် ပတ်သက်ပြီး ပြည်သူများအား ပညာပေးမှု၊ ကုသပေးမှု အပိုင်းများလုပ်ဆောင်နေပါတယ်။**

**ဒါ့အပြင် လူနာတွေကို ထိထိရောက်ရောက် ကုသပေးနိုင်ရန်အတွက်လည်း လိုအပ်တဲ့ ဆေးဝါးတွေ ဆေးရုံသုံးပစ္စည်းများကိုလည်း ဆေးရုံမှာအလုံအလောက်ရရှိနိုင်အောင် ဆောင်ရွက်ထားပါတယ်"**ဟု စီမံခန့်ခွဲမှု အပိုင်းကို မြန်မာ့အလင်းသို့ ဦးစွာ ရှင်းပြသည်။

တစ်ဖန်ယင်းဆေးရုံကြီးမှ တွဲဖက်ပါမောက္ခဒေါက်တာ အောင်မြတ်စိုးက မျက်စိနာရောဂါများနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှု၊ ကုသမှုစသော သိသင့်သိထိုက်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**"ထိထိရောက်ရောက် ထုတ်ပေးနိုင်ဖို့ လိုအပ်တဲ့ဆေးဝါးတွေ၊ ဆေးရုံသုံးပစ္စည်းတွေကို အလုံအလောက်ရနိုင်အောင် ဆောင်ရွက်ထားပါတယ်"**

ဒေါက်တာ ဦးအမ်ဂျာနော်

ဆေးရုံအုပ်ကြီး၊ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး။

### လူနာရောက်ရှိမှု

"ကျွန်တော်တို့ ဆေးရုံကြီးမှာ ယခင်နှစ်တွေက မျက်စိနာလို့ ဆေးရုံလာပြတာ နည်းပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ ပိုများလာပါတယ်။ ဆေးရုံစာရင်းဇယား မှတ်တမ်းအရ ပြောရမယ်ဆိုရင် ဒီနှစ်မှာ အရေးပေါ်မျက်စိကုသရေးဌာနသို့ရောက်လာတဲ့ မျက်စိနာဝေဒနာရှင်ပေါင်းဟာ ဧပြီလလယ်က ဇွန်လ တတိယပတ်အထိ ၁၇၃ဦးရှိပါတယ်။ ဒီလိုအရေးပေါ်ဌာနမှာ ဒီလောက်အရေအတွက်ရှိမယ်ဆိုလျှင် အပြင်မှာ အတော်အဖြစ်များလိမ့်မယ်လို့ တွက်ဆနိုင်ပါတယ်။

မျက်စိနာရောဂါ ဖြစ်ပွားမှုနှုန်းဟာ ဧပြီလလယ်လောက်ကနေပြီး တစ်ယောက်စ နှစ်ယောက်စ ဖြစ်ပွားရာမှ ဇူလိုင်လ ပထမပတ်လောက်မှာ အဖြစ်အများ ဆုံးတွေ့ရပါတယ်။ ဒီနောက်ပိုင်းမှာတော့ ရောဂါဖြစ်ပွားနှုန်းဟာ တဖြည်းဖြည်း ပြန်ကျသွားခဲ့ပါတယ်။

### မျက်စိနီ

ဒီရောဂါဟာ ပုံမှန်နှစ်စဉ်နှစ်တိုင်း ယခုလိုရာသီမှာဖြစ်လေ့ဖြစ်ထ ရှိတတ်ပါတယ်၊ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ် ပိုးကြောင့်ဖြစ်တာပါ၊ ရောဂါစဖြစ်ပြီဆိုလျှင် မျက်စိနီလာတယ်၊ ယားလာတယ်၊ အလင်းရောင်ရဲ့ဒဏ်ကို မခံနိုင်ဘူး၊ ဒီလိုဖြစ်ပြီဆိုရင် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းတွေမှာ သွားပြီး ဆရာဝန်နဲ့ပြဖို့ လိုပါတယ်။

ဆရာဝန် ညွှန်ကြားချက်အတိုင်း မျက်စဉ်းခတ်လိုက်မယ်ဆိုရင် တစ်ပတ်အတွင်း ပျောက်ကင်းနိုင်ပါတယ်။

ဒီမျက်စိနာရောဂါကြောင့် မျက်စိစွမ်းအားကျဆင်းသွားတာမရှိပါဘူး၊ မျက်စိနာပျောက်သွားရင် ပုံမှန်မျက်စိစွမ်းအားရနိုင်ပါတယ်။

### တစ်ကိုယ်ရေသန့်ရှင်းမှု

မျက်စိနာရောဂါ တစ်ယောက်ကနေ တစ်ယောက် မကူးစက်ဖို့ကတော့ တစ်ကိုယ်ရေသန့်ရှင်းမှု အပိုင်း အရေးကြီးပါတယ်။ မျက်စိနာဝေဒနာဖြစ်နေတဲ့ လူနာရဲ့ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံးစတဲ့ တစ်ကိုယ်ရေသုံး ပစ္စည်းများကို မသုံးမိကြဖို့ လိုပါတယ်။

**"ရောဂါစပြီဆိုရင် မျက်စိနီလာတယ်၊ ယားလာတယ်၊ အလင်းရောင်ရဲ့ ဒဏ်မခံနိုင်ဘူး၊ ဒီလိုဖြစ်ပြီဆိုရင်သက်ဆိုင်ရာ ဆေးခန်းတွေမှာသွားပြီး ဆရာဝန်နဲ့ ပြဖို့ လိုပါတယ်"**

ဒေါက်တာ အောင်မြတ်စိုး

တွဲဖက်ပါမောက္ခ

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး။

### သတိပေး

ယခုလိုရာသီမှာ နေပူလိုက်၊ မိုးရွာလိုက်ဖြစ်ပြီး ထိုး၊ ဦးထုပ်စတဲ့ အဆောင်းမပါရင်လည်း အပူရှပ်ပြီး မျက်စိနာဖြစ်တတ်ပါတယ်။ ဒါလည်း သတိပြုရမယ့် အချက်ဖြစ်ပါတယ်။

ဒီလမှာ မျက်စိနာအဖြစ်များရတဲ့ အကြောင်းရင်းဟာ ဒီအချက်အဓိကကျပါတယ်။ ဒီကမှတစ်ဆင့် ဗိုင်းရပ်စ်ပိုးက ရောဂါဖြစ်ပွားမှုနှုန်းကို မြှင့်တင်ပေးလိုက်သလို ဖြစ်လာပါတယ်။

### မှားမကုမိဖို့

သတိထားရမယ့်အချက်တစ်ချက်ကတော့ မျက်စိနာရောဂါနှင့် မျက်စိရေတိမ်ဖြစ်တာ မှားမကုမိဖို့ လိုပါတယ်။ ရေတိမ်ဖြစ်တာနှင့် မျက်စိနာတာ မှားနိုင်ပါတယ်။ မှားကုလျှင် မျက်စိအန္တရာယ်ရှိပါတယ်။ ဒီရောဂါနှစ်ခု ခွဲခြားနည်းကတော့ မျက်စိနာရောဂါမှာ အသက်အရွယ် အမျိုးသား၊ အမျိုးသမီးမရွေး ဖြစ်တတ်ပါတယ်။ ရေတိမ်ကတော့ အသက်၅၀ဝန်းကျင်အထက် သက်ကြီးပိုင်းမှာ ဖြစ်တတ်ပါတယ်။

### ရေတိမ်လက္ခဏာ

မျက်စိနာရဲ့ ရောဂါလက္ခဏာရပ်တွေကတော့ မျက်စိနီပြီး ယားယံလာခြင်း ဖြစ်ပါတယ်။ ရေတိမ်ရဲ့လက္ခဏာရပ်ကတော့မျက်စိနီတယ်၊ ကိုက်တယ်၊ မှုန်တယ်၊ မျက်စိကို ဓာတ်မီးနှင့် ထိုးကြည့်လျှင် သူငယ်အိမ်မှာ ကျယ်နေတယ်၊ မျက်ကြည်လွှာမှာ နောက်ကျိနေတယ်၊ ရိုးရိုးမျက်စိနာရောဂါက ဓာတ်မီးနှင့် မျက်စိကို ထိုးကြည့်လျှင် သူငယ်အိမ်ကျဉ်းတယ်၊ မျက်ကြည်လွှာမှာ နောက်မနေဘဲ ကြည်နေပါတယ်"ဟု မျက်စိနှင့် စပ်လျဉ်းပြီး မြန်မာ့အလင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ရိုးရိုးမျက်စိနာရောဂါများဖြစ်ပွားနေချိန်တွင် အထူးတလည် အစားအသောက်များ ရှောင်ကြဉ်စရာမလိုကြောင်း ဗီတာမင်ဓာတ်ပါအစားအစာများကို စားသုံးနိုင်ကြောင်းသိရသည်။

### ကျွေးမွေး

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး အနေဖြင့် မျက်စိနှင့်ပတ်သက်သော ရောဂါများ ပြည်သူများအားကုသပေးရာတွင် စရိတ်တတ်နိုင်သူများအနေဖြင့် စရိတ်မျှပေးစနစ်ကိုသုံးပြီး မတတ်နိုင်သူဆင်းရဲနွမ်းပါးသူများအနေဖြင့် အခမဲ့ကုသနိုင်သည့်အပြင် ထမင်းပါ ကျွေးမွေးနေကြောင်း သိရသည်။

### ပြည်သူ့ကျန်းမာရေး

ထိုသို့ ရန်ကုန်မျက်စိဆေးရုံကြီးက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအဆင်ပြေအောင် ဆောင်ရွက်ပေးနေချိန်တွင် စေတနာရှင် ပြည်သူများအနေဖြင့် ဆေးပဒေသာပင် အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း လည်းသိရသည်။

### အိပ်ရေးဝအောင်အိပ်

သို့ဖြစ်၍ မျက်စိနာရောဂါနှင့် ပတ်သက်ပြီး အသက်ရှည်စွာ အနာကင်းရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ရောဂါဖြစ်ပွားသူများနှင့် အသုံးအဆောင်များ အတူတကွ သုံးစွဲမှုမှ ရှောင်ကြဉ်ခြင်း၊ ဗီတာမင်စီဓာတ်ပါသော အစားအစာများ ပြည့်ဝစွာစားသုံးခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်း၊ နေပူမိုးရွာဖြစ်ပြီးစတွင် အပူငွေ့များကြား၌ ဖိနပ်၊ထီးနှင့်အဆောင်း တစ်ခုခုမပါဘဲ လမ်းသွားလာခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်လိမ့်မည်ဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်းတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သော ဘိုးဘွားများကို အမှူးထား၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် ၃၀/၅ ဘီနေ ဒေါက်တာ မင်းဆွေဇော်-ဒေါက်တာ မိမိသွယ် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အင်တာနက် သတင်းနှင့် ဓာတ်ပုံ

### နေရောင်ခြည်ကြောင့် တစ်နှစ် လူခြောက်သောင်းခန့်သေဆုံးနေ လူတို့နေရောင်ခြည်ကို တိုက်ရိုက်ထိတွေ့မခံသင့်

**နေရောင်ခြည်၏ ပြင်းထန်သောအပူဒဏ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူ ၆၀၀၀၀ ခန့် သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။**

သေဆုံးသူ

**နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကြောင့် လူတို့တွင် အရေပြားကင်ဆာ ဖြစ်ပွားမှုကြောင့်လည်းကောင်း၊ အခြားရောဂါ ဖြစ်ပွားမှုတို့ကြောင့်လည်းကောင်း သေဆုံးသူအရေအတွက်မှာ ယခုကဲ့သို့ မြင့်မားရခြင်းဖြစ်သည်ဟု ဒဗလျူအိတ်ချ်အိုက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။**

ခရမ်းလွန်ရောင်ခြည်

**ခရမ်းလွန်ရောင်ခြည်သည် လူတို့၏အရေပြားကို အလွန်ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရာ မီးလောင်ပြင်ကဲ့သို့ဖြစ်ခြင်း၊ အရေပြားအနာပေါက်ခြင်း၊ အရေပြားတွင်ရှိသော အပူဒဏ်ခံ ဆဲလ်များပျက်စီးခြင်းတို့ ဖြစ်ပေါ်စေကာ အရေပြားကင်ဆာရောဂါများအထိ ခံစားရနိုင်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။**

နေပူဆာမလှုံသင့်

**ထို့ကြောင့် နေရောင်ခြည်ကို လူတို့အနေဖြင့် တိုက်ရိုက်ထိတွေ့မှုမရှိစေရန် ကာကွယ်သွားလာသင့်ကြောင်း၊ ကမ္ဘာ့ဒေသအသီးသီးတွင် နေထိုင်**

**သော လူတို့အနေဖြင့် နေပူဆာလှုံခြင်း အလေ့အထရှိကြကြောင်း၊ ယင်းမှာ မှားယွင်းကြောင်း၊ ကိုယ်ခန္ဓာ အရေပြားပူလာသည်အထိ နေပူဆာမလှုံသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။**

**နေရောင်ခြည်ကို တိုက်ရိုက်ထိတွေ့မှုမှ ရှောင်ကြဉ်ခြင်းသည် မိမိ၏ အသက်ကို ပိုမိုရှည်စေရန်ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း ဒဗလျူအိတ်ချ်အိုမှ အရာရှိများကပြောကြားသည်။ လူတို့အနေဖြင့် နေရောင်ခြည်အနည်းငယ်လိုအပ်ကြောင်း၊ သို့သော်လည်း သာမန်ထက် ပိုမိုထိတွေ့မှုရှိပါက အသက်အန္တရာယ်ကြုံတွေ့ရနိုင်သည့် အခြေအနေနှင့် ကြုံတွေ့ရနိုင်သည်ဟု ဒဗလျူအိတ်ချ်အိုမှ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ မာရီရာနေရီရာက ပြောကြားသည်။**

(ကိုးကား-အင်တာနက်)

## သာသနာလင်္ကာရအကျော် စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

ပခုက္ကူမြို့ သာသနာ့စက္ကုပဝတ္တက အသင်းကြီး၏ အဋ္ဌမအကြိမ် သာသနာလင်္ကာရအကျော်စာမေးပွဲ အာဂုံပြန်ဆိုပွဲကို ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၇ရက်တွင်လည်းကောင်း၊ ရေးဖြေစာမေးပွဲကို ပြာသိုလဆန်း၉၊၁၀၊၁၁ ရက်များတွင်လည်းကောင်း ကျင်းပမည်ဖြစ်၍ ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၇ ရက်အထိ သက်တော်၂၇နှစ်ထက်မကြီးသော စာဖြေသံဃာတော်များ၊ သီလရှင်များသည် ဝင်ခွင့်လျှောက်လွှာများကို အမှတ်(၈)ရပ်ကွက် ရွှေကူခမ္မာရုံ သာသနာ့စက္ကုပဝတ္တကအသင်း အတွင်းရေးမှူးထံသို့ ၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၁ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိအရောက်ပေးပို့နိုင်ကြောင်းသိရသည်။**(က-ပ)**

# နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တည်ဆောက်ပေးနေ

# ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုမှာ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးများ တည်ဆောက်ပေးခဲ့

# တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ခြင်းသည် အေးချမ်းသာယာမှု၏ အကျိုးရလဒ်ဖြစ်

နေပြည်တော် ဇူလိုင် ၂၈

**မွန်ပြည်နယ် ရေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ရေးမြို့ ဧည့်ရိပ်သာမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ကျောင်းရွာကျေးရွာ နယ်မြေခံတပ်နယ်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ရေးမြို့နယ် ဒူးယားတိုက်နယ် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်ကျောင်းရွာ တိုက်နယ် ဆေးရုံသို့ ရောက်ရှိကြပြီး ကျေးရွာရှိ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ အတွက် ဝတ်စုံ ထောက်ပံ့ငွေ ပေးအပ်သည်။

ယင်းနောက် ကျောင်းရွာ တိုက်နယ်ဆေးရုံရှိအမျိုးသားဆေးကုဆောင်၊ ခွဲစိတ်ခန်းနှင့်အမျိုးသမီးဆေးကုဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံဝန်းကျင် သန့်ရှင်းရေး၊ သာယာလှပရေး ဆောင်ရွက်ကြရန်တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်ကျောင်းရွာရှိ ဓမ္မရက္ခိတ စာသင်တိုက်သို့ရောက်ရှိပြီး သက်တော် ၇၇ နှစ်ရှိ ဆရာတော် ဘဒ္ဒန္တ ခန္တီစာရ၏ ကျန်းမာရေး အခြေအနေနှင့် သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော် သံဃာတော်များအားသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည်နံနက် ၁၀ နာရီတွင် ဒူးယားတိုက်နယ် ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ အစီအစဉ်အရတိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒူးယားတိုက်နယ် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်အတွင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ကြည့်မည်ဆိုလျှင် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးကို ခုတင်(၃၅၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံကို တိုးမြှင့်ခဲ့ပြီး (၁၆) ခုတင်ဆံ့ မြို့နယ်ဆေးရုံ ခုနစ်ရုံကို (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း ထို့အပြင် ၁၉၈၈ ခုနှစ်က တိုက်နယ်ဆေးရုံ ၁၀ရုံသာ ရှိခဲ့ရာ ယခုအခါ ၁၇ရုံအထိ တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း။

ကျေးလက် ကျန်းမာရေး ဌာနအသီးသီး၏ အခြေအနေကို ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က စုစုပေါင်း ၇၃ခုသာ ရှိခဲ့ပြီး ယခုအခါ ၈၂ခုအထိ တိုးတက် လာခဲ့သည်ကို တွေ့ရကြောင်း။

## တိုးချဲ့ခန့်ထား

ကျန်းမာရေးဝန်ထမ်း၏ အခြေအနေတွင်လည်း ၁၉၈၈ခုနှစ်က ဆရာဝန် ၁၂၁ဦးသာ ခန့်ထားနိုင်ခဲ့ပြီး ယခုအခါ ၁၉၀နှင့် သူနာပြု ၁၆၆ဦးမှ ၂၉၅ဦးအထိ တိုးချဲ့ခန့်ထားနိုင်ခဲ့ကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများတွင်လည်း ၁၉၈၈ ခုနှစ်က ၄၆၉ဦးသာ ခန့်ထားရာမှ ယခုအခါ ၆၈၆ဦးအထိ တိုးချဲ့ခန့်ထားပေးနိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ပြည်နယ်အတွင်း ကျန်းမာရေးကုသမှု အရည်အသွေးမြှင့်တင်ပေးနေသကဲ့သို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျေးလက်ဒေသများအထိ ဖြန့်ကြက်ပြီး ရပ်ရွာခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်း စွမ်းအားပြည့်ဝခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ပြည့်စုံအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

## တာဝန်ယူဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူကာ အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေးတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံး ကာယသုခ၊ စိတ္တသုခပြည့်ဝစေမည့် "အားလုံးအတွက်ကျန်းမာရေး"ရည်မှန်းချက် ရရှိစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းများ ရေးဆွဲပြီး ကျန်းမာရေးလုပ်ငန်းများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံ၍ အကောင်အထည်ဖော်ရန်၊ ကျန်းမာရေးလုပ်ငန်း တိုးချဲ့ရာတွင် တိုင်းပြည်၏လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရေးအတွက် ကျေးလက်ဒေသများသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများကိုလည်း အထူးဦးစားပေး ဆောင်ရွက်ရန်၊ မြန်မာတိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကိုအားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် စသည့် အမျိုးသားကျန်းမာရေးမူဝါဒများ ပြဋ္ဌာန်းထားကြောင်း။

ထို့ပြင် ခုတင် (၃၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများ၊ နိုင်ငံတကာ အဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခွဲစိတ်ကုသရေး ပစ္စည်း ကိရိယာများ ဖြည့်တင်းပေးမှု စသည့်အရည်အသွေး မြှင့်တင်ရေး အစီအမံများကိုလည်း ထိထိရောက်ရောက် ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပြည်နယ်၊ တိုင်းများတွင် ဖြန့်ကြက်တည်ရှိနေသည့် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုမှာအနိမ့်ဆုံး အားဖြင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီး တစ်ရုံစီ ထူထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

## အကျိုးရလဒ်

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသ၌ တိုက်နယ်ဆေးရုံတစ်ခုတိုးချဲ့ဖွင့်လှစ်နိုင်ပြီး ဖြစ်သည့်အတွက် ဒေသခံ ပြည်သူများအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုရရှိနိုင်တော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုက်နယ်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် အေးချမ်းသာယာမှု၏ အကျိုးရလဒ်များပင်ဖြစ်ကြောင်း။

မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ စေတနာမှန်သော၊ ဖြောင့်မတ်သော ဦးဆောင် ကြိုးပမ်းမှုများမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ဟုမ်းတောက် ကုမ္ပဏီမှ ဦးလှမြင့်က ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများအား အသီးသီး ပေးအပ်သည်။

## ပြန်လည်ပေးအပ်

ထို့နောက် ဒူးယား တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးသန်းရှိန်-ဒေါ်စန်းစန်းဝင်း( မြတ်သူရကုမ္ပဏီ လီမိတက်) မိသားစုက ငွေကျပ် ရှစ်သိန်း၊ ဟုမ်းတောက်ကုမ္ပဏီ လီမိတက်က ငွေကျပ် ခုနစ်သိန်း၊ အစင်ကျေးရွာမှ ဦးမောင်မြင့်နှင့် ရေးမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းအောင် တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးထွန်းမြင့်(ရေးမြို့)၊ ဒူးယားကျေးရွာမှ ဦးတင်ယု၊ ဦးတင်ရှိန်၊ ဒူးယားကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ ဒူးယားကျေးရွာ ဈေးသူ ဈေးသားများက ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အစင်ကျေးရွာမှ ဦးရဲထယ်၊ ဒူးယားကျေးရွာမှ ဘုန်းတော်ကြီးကျောင်း ဝေယျာဝစ္စ အဖွဲ့၊ ဦးသူရှိန်၊ ဦးပန်းရီ၊ ဦးမျိုးချစ်နှင့် ရပ်မိရပ်ဖများ၊ ဦးချစ်မိသားစုနှင့် ဒူးယား ကျေးရွာသူကျေးရွာသားများ က ငွေကျပ်တစ်သိန်းစီပေးအပ်လှူဒါန်းကြရာ ဗိုလ်မှူးချုပ် မြင့်စိုး၊ ဒေါက်တာတင်မင်းတို့ကလက်ခံကြပြီးဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံသစ်အတွင်းရှိ သူနာပြုများ နားနေခန်း၊ မွေးဖွားပြီးလူနာခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆရာဝန်များ နားနေခန်းတို့ကို ကြည့်ရှု စစ်ဆေးကြပြီး ဒေသခံ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ဖွင့်လှစ်လိုက်သော ရေးမြို့နယ် ဒူးယားတိုက်နယ် ဆေးရုံ အဆောက်အအုံသစ်သည် အလျား ၁၂၈ ပေ၊ အနံ ၁၀၃ ပေရှိပြီးတစ်ထပ်အုတ်တိုင်ပုံ အဆောက်အအုံဖြစ်သည်။ ယင်းဆေးရုံ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒူးယားကျေးရွာအပြင် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံ ပြည်သူ ၇၀၀၀ ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် အစင်ကျေးရွာရှိ မြတ်သူရကုမ္ပဏီလီမိတက် အအေးခန်း စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ် ပြည်သူ့ ဆေးရုံ(ခုတင် ၅၀ဆံ့) တိုးချဲ့ လူနာဆောင်သစ် တည်ဆောက်ခြင်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ သွားရောက်ပြီး ဆေးရုံတိုးချဲ့ဆောင်သစ် သတ်မှတ်ချိန်တွင် စံချိန်စံညွှန်းများနှင့် အညီပြီးစီးရေးနှင့် ဆေးရုံဝန်းကျင် သစ်ပင် ပန်းမန်များ စိုက်ပျိုးကြရန်နှင့် ယာဉ်ရပ်နားနေရာများ တည်ဆောက်ရေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တိုးချဲ့ဆေးရုံ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်းတို့ ပါဝင်မည်ဖြစ်ပြီး ပင်မဆောင်အလျား ၁၇၆ ပေ၊ အနံ ၄၄ ပေ၊ အမြင့် ၂၈ ပေ၊ ခွဲစိတ်သားဖွားဆောင် အလျား ပေ ၅၀၊ အနံပေ ၄၀ စုစုပေါင်း ကြမ်းခင်းဧရိယာ ၁၆၂၄၈ စတုရန်းပေဖြစ်သည်။ အဆောက်အအုံသည် နှစ်ထပ်သံကူကွန်ကရစ် ဖြစ်ပြီး ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်ရေးမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းအသီးသီးသို့သွားရောက်၍ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီးလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အစိုးရ ဌာနပိုင်**
**မော်တော်ယာဉ်မသုံးစွဲရနေ့**

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၆ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် ( တနင်္ဂနွေနေ့ )**
**၃၀-၇-၂၀၀၆ ရက်နေ့**

**၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်**
**၁၃-၈-၂၀၀၆ ရက်နေ့နှင့်**
**၂၇-၈-၂၀၀၆ ရက်နေ့**

# မူးယစ်ဆေးဝါး ချုပ်ငြိမ်းအောင် စီမံကိန်းရေးဆွဲပြီး အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ် ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိ

■ *ကျောဖုံးမှ*

## ပိုမိုအောင်မြင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ပြီးခဲ့သည့် ၁၇နှစ်တာ သက်တမ်းကာလအတွင်း မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် စီမံကိန်းမတိုင်မီကာလများနှင့် နှိုင်းယှဉ်လျှင် ထင်သာမြင်သာတိုးတက်မြင့်မားလာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဖြစ်ထွန်းအောင်မြင်လာခြင်းသည် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဦးဆောင်မှုဝါဒချမှတ်ပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၊ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရခဲ့ခြင်းဖြစ်ကြောင်း။

## ငြိမ်းချမ်းသာယာ

**ဤကဲ့သို့ ကြိုးပမ်းအကောင်အထည်ဖော်နိုင်ကြ၍လည်း နယ်စပ်ဒေသနေပြည်သူများ၏ လူမှုဘဝကို နှစ်ပေါင်းများစွာ ဟန့်တားခြိမ်းခြောက်ခဲ့သည့် သောင်းကျန်းမှုအန္တရာယ်က လွတ်မြောက်စေပြီး ငြိမ်းချမ်းသာယာသည့်ဘဝကို ဖြစ်စေခဲ့ကြောင်း၊ ငြိမ်းချမ်းလာသည့် ကာလများတွင် နိုင်ငံတော်က တည်ဆောက်ပေးသည့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကို အသုံးပြုပြီး လူနေမှုအဆင့်အတန်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသော စီမံကိန်းနမူနာများယူပြီး ဒေသခံပြည်သူများကလည်း ၎င်းတို့ စွမ်းအားရှိသမျှ ပူးပေါင်းတည်ဆောက်ကြသည့်အတွက် မျှော်မှန်းသည်ထက်ပိုမိုအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း။**

## ကူးသန်းသွားလာနိုင်

ယခုနှစ်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တတိယနှစ်လတ် ၅နှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်ကြောင်း၊ စီမံကိန်းစတင်စဉ်မှ ယခုအထိ နိုင်ငံတော်အပိုင်းက နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၈၄၇၅၀ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများကို ပြန်ကြည့်လျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ မြေလမ်း မိုင် ၃၃၆၀၊ ကျောက်ခင်းလမ်း ၂၁၆၆မိုင်နှင့် ကတ္တရာလမ်း ၃၈၅မိုင် စုစုပေါင်း လမ်းမိုင်ပေါင်း ၅၉၁၁မိုင် အသစ်ဖောက်ပေးခဲ့သကဲ့သို့ ယခင်ရှိပြီးသား လမ်းဟောင်း ၃၃၉၆မိုင်ကိုလည်း အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းပေးခဲ့ကြောင်း၊ ဤလမ်းများအပေါ်၌ တံတားကြီးအစင်း ၇၀၊ တံတားငယ် ၉၇၅စင်းနှင့် ကြိုးတံတား ၃၉စင်းတည်ဆောက်ပေးခဲ့၍ ပထဝီဝင်မြေအနေအထားအရ ခက်ခဲသည့် နယ်စပ်တောင်ပေါ်ဒေသ၌ ပြန့်ကျဲနေထိုင်ကြသည့် တိုင်းရင်းသားများသည် ယခင်ကမရောက်နိုင်၊ မသွားနိုင်၊ မလာနိုင်သည့်နေရာများကို သွားနိုင်၊ ရောက်နိုင်၊ ကုန်စည်ကူးသန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း၊ အနေနီးလာကြပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ကျပ်သန်းပေါင်း ၄၅၉၀၀ ကျော် သုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့် လမ်းကြီးများ ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သည့်နေရာများ၌ လမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေကြောင်း။

## ပညာသင်ကြားပေးလျက်ရှိ

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေသည်ကိုလည်း ပြောကြားလိုကြောင်း၊ အခြေခံပညာရေးကဏ္ဍတွင် မူလတန်းကျောင်း၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း၉၀နှင့် အထက်တန်းကျောင်း၉၂ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်းပညာသင်ယူနိုင်အောင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၂၇ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်းဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်တောင်သူများ၏ သားသမီးကျောင်းသားများကိုလည်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် ကျောင်းနေအရွယ် ကျောင်းသားအားလုံး ကျောင်းနေနိုင်ရေးရည်မှန်းချက်ကို အစီအစဉ်တကျ ဆောင်ရွက်ပေးနိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်က ကျောင်းသားတစ်ထောင်ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ပြီးခဲ့သည့် စာသင်နှစ်က ကျောင်းသား ၁၇၀၀၀၀ကျော်ရှိလာရာ အားရဖွယ်ရာ ဖြစ်ကြောင်း။

နယ်စပ်ဒေသလူငယ်များ ပညာပိုမို တတ်မြောက်လာခြင်းဖြစ်သဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှုဆိုးကျိုးများကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေပြည်သူအများ ပူးပေါင်းဆောင်ရွက်လာခြင်းသည်လည်း မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရေးအတွက်လည်း ၂၀၀၀ ပြည့်နှစ်ကစတင်ကာ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီ ကောလိပ်နှစ်ခုက ဘွဲ့ရ တိုင်းရင်းသားလူငယ်များသည် ဇာတိဒေသ၏ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက်ဆည်းပူးနေကြပြီဖြစ်ကြောင်း။

ထို့အပြင် ဒေသ၏ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသ တိုင်းရင်းသား တိုင်းရင်းသူ လူငယ်များအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ၌ ဦးစားပေး ပညာဆည်းပူးခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## လေ့ကျင့်သင်ကြား

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၃၄ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများအား စရိတ်ငြိမ်းသင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက် သင်တန်းသူ ၁၇၈၈၃ဦးအား လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများ၌ တိုင်းရင်းသား လူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်စသည့် သက်မွေး ပညာရပ်များ သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်တန်းကျောင်းများကိုလည်း တိုးချဲ့ ဖွင့်လှစ်လျက်ရှိကြောင်း။

## အရှိန်အဟုန်မပျက်

**"ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"** အမျိုးသားကျန်းမာရေးမူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၁၄၀တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်းတွင်လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီဖြစ်ခြင်းကြောင့် နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

**ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံ အစိုးရကွန်ပျူတာကောလိပ်၌ တိုင်းရင်းသား လူငယ်မောင်မယ်များ ပညာဆည်းပူးနိုင်ကြပြီ။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**နယ်စပ်ဒေသလူငယ်များ ပညာပိုမို တတ်မြောက်လာခြင်းဖြစ်သဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု ဆိုးကျိုးများကို ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ ပြည်သူအများ ပူးပေါင်း ဆောင်ရွက်လာခြင်းသည်လည်း မြင်သာထင်သာသည့် အောင်မြင်မှု တစ်ရပ်ဖြစ်။**

# တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုတိုးပွားခိုင်မာရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်စေရအောင် မှန်ကန်သောနည်းလမ်းများဖြင့် တက်ညီလက်ညီကြိုးပမ်း

စာမျက်နှာ ၇ မှ

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေခြင်း၊ ပိုလျှံသည့် စိုက်ပျိုးရေး ထုတ်ကုန်များကိုရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များ စီစဉ်ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ စားဝတ်နေရေး ဖူလုံစေရေးအတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစားဆည်နှင့် တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးသကဲ့သို့ မြေပြန့်များ၌ လယ်ယာမြေအသစ် ဖော်ထုတ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်နေပြီ ဖြစ်ကြောင်း။

ဤအခြေခံကောင်းများပေါ် အားထားပြီး ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့် အောင်မြင်မှုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် အစားထိုးသီးနှံ စိုက်ခင်းများ၊ ဘိန်းအစားထိုး နှစ်ရှည်သီးနှံစိုက်ခင်းများ တိုးချဲ့နိုင်ရန်နှင့်ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်း ပြည်ပ ဈေးကွက်တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက်ကူညီဆောင်ရွက် ပေးကြရန် မှာကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေး လုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၀၉ရုံတည် ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့်နိုင်ငံတော်၏မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှုတိုးတက်ဖြစ်ထွန်းရေးအတွက်များစွာ အထောက်အကူပြုနေပြီဖြစ်ကြောင်း။

## ထိန်းသိမ်းကာကွယ်

**ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူအုံကြွမှုဖြစ်အောင်၊ အတွေးအမြင် အယူအဆလွဲမှားအောင် ပြည်ပကသတင်းဌာနအချို့နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းအချို့က မီဒီယာအပိုင်းအားကိုးဖြင့် ကောလာဟလသတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ လှုံ့ဆော်ဖန်တီးနေမှုများ ပြုလုပ်နေကြောင်း။**

**ဤအဖျက်အမှောင့်အုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုများကို တိုင်းရင်းသားများအားလုံးက အမှန်အတိုင်း သိမြင်နိုင်အောင် မိမိတို့ မီဒီယာအပိုင်းက ပညာပေး စည်းရုံးမှုများဖြင့် ကြိုးပမ်းလုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းကာကွယ်ပေးနေခြင်းပင် ဖြစ်ကြောင်း။**

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျား နယ်စပ်ဒေများအထိ တတ်နိုင်သမျှ ပြည်တွင်း မီဒီယာဖြန့် ကြက်ပေးရေး၊ သတင်းစာမရောက်နိုင်သေးသည့် အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံ နှစ်ခုစလုံး ဖမ်းယူရရှိစေရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန်ထုတ်လွှင့်နိုင်ရေးနှင့် နယ်စပ်ဒေသ ပြည်သူများ ဖမ်းယူကြည့်ရှု နိုင်ရေးအတွက် ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေး နှင့်ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီ လက်ထက်ကတည်းက နှစ်ပေါင်း ၁၅၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုများချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅နှစ် စီမံကိန်းရေးဆွဲချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

## လျော့နည်းကျဆင်းလာ

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းရေးဆွဲရာ၌ ဒေသခံပြည်သူများ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် အခါ အခြားနည်းလမ်းဖြင့် ဝင်ငွေရနိုင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစတင်ပြီး ၁၀နှစ်ကြာမှ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ခုနှစ်မှစတင် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုဆိုလျှင် ခုနစ်နှစ်တာကာလကို ရောက်ရှိလာပြီဖြစ်ပြီး နယ်စပ်ဒေသက တိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကြောင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုသည် တဖြည်းဖြည်းလျော့နည်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျဆင်းလာနေပြီ ဖြစ်ကြောင်း၊ ဤကဲ့သို့ လျော့နည်းကျဆင်းလာသည်ကိုလည်း နိုင်ငံတကာက လက်ခံအသိ အမှတ်ပြုထားပြီး ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းအနေဖြင့် အာဆီယံမျှော်မှန်းချက်ထက် တစ်နှစ်စောပြီး ၂၀၁၄ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဤရည်မှန်းချက်အတိုင်း အောင်မြင်အောင် ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဆိုသည့် နည်းဗျူဟာသုံးရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်းဆပ်ကော်မတီအသီးသီးတို့က ညှိနှိုင်းပေါင်းစပ်ပြီး အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားကြရန် ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်နေကြသည်များရှိကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးအတွက် မှန်ကန်သည့် လမ်းကြောင်းရောက်ရှိအောင် ထိန်းကျောင်းဆောင်ရွက်သွားကြရန်နှင့် မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းကူညီသော အဖွဲ့အစည်းများကို ဒေသမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း။

## ဦးစားပေးအကောင်အထည်ဖော်

**ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရောက်ရှိစေရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ပထမဆုံးဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။**

ဤနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာသည့် အခါ ပြည်ထောင်စုကြီး၏ နယ်မြေ အစိတ်အပိုင်းအားလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးဒေသကြီး ၂၄ခု စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရင်း ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုး တက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်ရဲ့ ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားများချစ်ကြည်ရင်းနှီးမှုတိုးပွားခိုင်မာရေးတို့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်စေရအောင် မှန်ကန်သော နည်းလမ်းများနဲ့ တက်ညီလက်ညီဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့”** ဗဟိုကော်မတီ အစည်းအဝေး ၂/၂၀၀၄တွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ၌ မှန်ကန်သော မူဝါဒဆိုင်ရာ လမ်းညွှန်မှု၊ နိုင်ငံတော်တာဝန်ရှိသူများ၊ အဖွဲ့ အစည်းများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရရှိပြီး နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

## တက်ညီလက်ညီကြိုးပမ်း

သာမန်ပြည်သူအားလုံး လူမှုစီးပွားရေး အခွင့်အလမ်းများ ပေါ်ထွန်းလာနေသည်ကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးဘဲ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အကြံပြုဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သေးသည့် နယ်စပ်ဒေသများ၌ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပဏာမအဖွင့်အမှာစကား ပြောကြားသည်။

## အကျဉ်းချုံးတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများ၊ ယန္တရားဖြန့်ခွဲထားရှိမှု အခြေအနေများ၊ ရန်ပုံငွေခွင့်ပြုနှုန်းထားများနှင့် နယ်စပ်ဒေသလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို အကျဉ်းချုံးတင်ပြသွားမည်ဖြစ်ကြောင်း။

## နယ်စပ်ဒေသဖွံ့ဖြိုးရေး

ရှေးဦးစွာ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း စတင်ဆောင်ရွက်သည်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအလိုက်သုံးစွဲခဲ့ပြီးသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အခြေအနေများမှာ လမ်း၊ တံတားလုပ်ငန်းအတွက် ငွေကျပ် ၄၅၉၀၅ ဒသမ ၅၄သန်း၊ ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ် ၁၇၂၉ ဒသမ ၃၈ သန်း၊ ပညာရေးလုပ်ငန်းအတွက် ငွေကျပ် ၄၆၀၅ ဒသမ ၉၉ သန်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေကျပ် ၂၀၈၀ ဒသမ ၀၈ သန်း၊ သစ်တောလုပ်ငန်းအတွက် ငွေကျပ် ၆၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ် ၉၅၉ဒသမ၇၉သန်း၊ ကုန်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၂၅၅ ဒသမ၄၉သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ် ၁၇၇၃ဒသမ၂၂သန်း၊ ပြည်သူ့ဆက်ဆံ ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၃၉၂ ဒသမ၆၃သန်း၊ သတ္တုရှာဖွေတူးဖော် ရေးလုပ်ငန်းအတွက် ငွေကျပ် ၃၉၀ဒသမ၀၂သန်း၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၃၀၄၀ ဒသမ ၂၁သန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၉၂၃ဒသမ၁၆ သန်း၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းအတွက် ငွေကျပ် ၂၈၃ဒသမ ၂၂ သန်း၊ သာသနာရေးဆိုင်ရာ လုပ် ငန်းအတွက် ငွေကျပ် ၄၈၀ဒသမ၄ သန်း၊ ပြည်ထဲရေးဆိုင်ရာလုပ်ငန်း

အတွက် ငွေကျပ်၇၃၄ဒသမ၇၃ သန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်းအတွက် ငွေကျပ် ၁၅ဒသမဝ၄သန်း၊ အထွေထွေလုပ်ငန်းများအတွက်ငွေကျပ် ၁၉၁၁၇ ဒသမ ဝ၃သန်း ဖြစ်ကြောင်း။

လုပ်ငန်းအလိုက် သုံးစွဲပြီးရန်ပုံငွေ စုစုပေါင်းမှာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး စတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ၃၀-၆-၂၀၀၆ရက်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၅၃၄၁၈ ဒသမ၃၄သန်း၊ အခြားဝန်ကြီးဌာန အသီးသီး၏ ရန်ပုံငွေမှငွေကျပ် ၃၁၃၃၄ ဒသမ၉၉သန်း စုစုပေါင်းငွေကျပ် ၈၄၇၅၃ဒသမ၃၃သန်း သုံးစွဲပြီးဖြစ်ကြောင်း။

## ဖြည့်ဆည်းထောက်ပံ့

နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီး၏ လိုအပ်ချက်များအတွက် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့ရာ ၁၉၈၉-၁၉၉၀ခုနှစ်မှ ယနေ့အထိ ဆန်အတွက် ငွေကျပ်၃၁၃၃ သန်း၊ ဆားအတွက် ငွေကျပ်၁၀သန်း၊ ရိက္ခာလေးမယ်ဖိုး ငွေကျပ်၁၀၄၅သန်း၊ ယာဉ်နှင့်အခြားပစ္စည်းအတွက် ငွေကျပ် ၃၇၂သန်းနှင့် ငွေသားထောက်ပံ့ ငွေကျပ် ၁၈၆၅ သန်း စုစုပေါင်းငွေကျပ် ၆၄၂၆ဒသမ၆သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း။

ယခု ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် လျာထားခွင့်ပြုထားပြီးဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအနေဖြင့် သာမန်အသုံးစရိတ် ငွေကျပ် ၁၈၁၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၆၈၇၇သန်းနှင့် ထောက်ပံ့ရန်ပုံငွေကျပ် ၂၆၇၂သန်း စုစုပေါင်းခွင့်ပြု ငွေကျပ်၁၁၃၅၉ဒသမ၇သန်းကျော် ဖြစ်ကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၄-၉၅ခုနှစ်မှစ၍ နတလလုပ်ငန်းကော်မတီပိုင် ယာဉ်ယန္တရားများကို ဒေသအသီးသီးသို့ ဖြန့်ခွဲထုတ်ပေးခဲ့ရာ ယာဉ်ယန္တရားပေါင်း ၂၃၃စီး ထုတ်ပေးထားပြီးဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ အခြေအနေနှင့်စပ်လျဉ်း၍ UNDP နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဝေးလံမြို့နယ်များအတွက် လူမှုဖွံ့ဖြိုးရေး (CDRT) စီမံကိန်းအဆင့်ဆင့် ဆောင်ရွက်မှုမှာ စီမံကိန်းအဆင့်(၁)ကို ၁၉၉၄ခုနှစ် ဇန်နဝါရီလမှ ၁၉၉၆ ခုနှစ် ဇွန်လအထိ UNDPထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းဖြင့်လည်းကောင်း၊ စီမံကိန်းအဆင့်(၂)ကို ၁၉၉၇ခုနှစ် ဇန်နဝါရီလမှ ၁၉၉၉ခုနှစ် ဇွန်လအထိ UNDPထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ဒသမ၉ သန်းဖြင့်လည်းကောင်း၊ စီမံကိန်းအဆင့်(၃)ကို ၁၉၉၉ခုနှစ် စက်တင်ဘာလမှ ၂၀၀၂ခုနှစ် ဩဂုတ်လအထိ UNDPထည့်ဝင်ငွေအမေရိကန်ဒေါ်လာ ၈ဒသမ၂သန်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

စီမံကိန်းအဆင့်(၄)ကို ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့်မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ဒသမ၅သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်(၁)မှ အဆင့်(၄)အထိ UNDP ထည့်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅ဒသမ၆သန်းဖြစ်ကြောင်း။

## ဆန်ထောက်ပံ့ပေးမှု

ကုလသမဂ္ဂကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ ဆန်ထောက်ပံ့ပေးမှု အခြေအနေမှာ ရှေ့ပြေးစီမံကိန်းအနေဖြင့် ၂၀၀၃ခုနှစ်က ဒေါ်လာ ၁ ဒသမ ၉၉သိန်းထောက်ပံ့မှုဖြင့် ဆန်တန်ချိန် ၇၆၀၊ စီမံကိန်းအဆင့်(၁)အနေဖြင့် ၂၀၀၄ခုနှစ်က ဒေါ်လာ၃ဒသမ၆သန်းဖြင့် ဆန်တန်ချိန် ၉၈၅၅တန်၊ စီမံကိန်းအဆင့်(၂)အနေဖြင့် ၂၀၀၅/၂၀၀၆ခုနှစ်အတွင်း ဒေါ်လာ၇ ဒသမ ၉သန်းဖြင့် ဆန်တန်ချိန် ၁၉၉၆၁တန်ကို ရှမ်းပြည်နယ်မှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော တောင်သူများအားလုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဆန်ထောက်ပံ့ခြင်း၊ ကျောင်းတက်သည့် ကလေးများနှင့် သင်တန်းတက်ရောက်သူများအား ဆန်ထောက်ပံ့ခြင်း စနစ်တို့ဖြင့် ထောက်ပံ့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရကလည်း (WFP)ကို ၂၀၀၅ခုနှစ် မတ်လက ဆန်တန်ချိန် ၁၀၀၀ ထောက်ပံ့ခဲ့ရာ ‘ဝ’ ဒေသ ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ မိုင်းကာ၊ မိုင်းပေါက်နှင့် ဟိုတောင်း တို့ကိုဖြန့်ဝေပေးခဲ့ကြောင်း၊ (WFP) အနေဖြင့် ၂၀၀၃ခုနှစ် ဩဂုတ်လမှ ယခုနှစ်ကုန်အထိ စုစုပေါင်းထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ၆၉၉သန်းဖြင့် စုစုပေါင်းဆန်တန်ချိန် ၃၀၅၇၆တန် ဖြန့်ဝေပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)နှင့်လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၌ ၂၀၀၅ခုနှစ်အတွင်း လုပ်ငန်း ၁၁၄ခုကို အမေရိကန်ဒေါ်လာ ၆သိန်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၈၆၃၂၀၀နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအသေးစား စီမံကိန်း ၂၁၃ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ထောက်ပံ့ငွေအမေရိကန် ဒေါ်လာ ၃ဒသမ၅၄၆သန်းဖြင့် ကိုးကန့်ဒေသဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ဆင်းရဲချို့တဲ့မှုလျော့ပါးရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို ၂၀၀၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တင်ပြလိုပါကြောင်း၊ နယ်စပ်ဒေသအသီးသီး၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ပထမအဆင့် နယ်စပ်ဒေသနေတိုင်းရင်းသားများ၏ ဒေသအစားအစာဖူလုံရန်၊ ယင်းက တစ်ဆင့် ဝတ်ရေးနေရေး အဆင်ပြေစေရန်အတွက် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန် ယင်းကတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း။

ထို့ကြောင့် ယနေ့အထိ လူငယ်သင်တန်းကျောင်းပေါင်း ၂၇ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းကျောင်းများ၌ မူလတန်းကျောင်းသား ၂၉၄ဦး၊ အလယ်တန်းကျောင်းသား ၁၅၅၃ ဦး၊ အထက်တန်းကျောင်းသား ၇၃၁ဦး၊ စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၅၇၈ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသ ပညာရေးအနေဖြင့် နယ်စပ်ဒေသများ၌ အထက်တန်းကျောင်း ၉၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် မူလတန်းကျောင်း ၈၅၂ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ယခုအခါ နယ်စပ်ဒေသ တိုင်းရင်းသား ၁၇၀၉၂၀ တက်ရောက်ပညာသင်ကြားနေပြီ ဖြစ်ကြောင်း။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# အငြိမ်းစားတို့ စကားဝိုင်း(၁၇)

ဟိန်းမြင့်

၂၀၀၆ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်ကို တွေ့ရပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၁ရက်နေ့နှင့် ၂ရက်နေ့တို့တွင် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါ ညီလာခံဖွင့်ပွဲ အခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်ကို တွေ့ရပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပြည်လမ်းရှိ စိန်ရတုခန်းမ၌ အောင်မြင်စွာကျင်းပခဲ့သည်ကို တွေ့ရသည့်အပြင် ပြည်နယ်နှင့်တိုင်းအလိုက်လည်း မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပခဲ့ကြသည်ကို တွေ့ရပါသည်။

အဆိုပါ ကိစ္စရပ်များနှင့်ဆက်စပ်၍ ကျွန်တော်တို့အငြိမ်းစားများ ဆုံမိကြစဉ်တွင် စကားဝိုင်းဖွဲ့မိကြပြန်ပါသည်...။

"အတွင်းရေးမှူး(၁)ရဲ့ ဆရာ၊ ဆရာမများကို မှာကြားချက်ထဲမှာ ဒို့ပြည်သူအားလုံးနဲ့ဆိုင်တဲ့ သတိထားရမယ့်အချက်တွေလည်း ပါတာ တွေ့ရတယ်"

"ဆိုစမ်းပါဦး၊ ငါ့မျက်လုံး တိမ်ခွဲထားရတော့ အခုတလော သတင်းစာ မဖတ်မိဘူး"

"နိုင်ငံတော်ကို ဆန့်ကျင်နေတဲ့ အဖျက်သမားတွေနဲ့ ကျောင်းသားအမည်ခံထားတဲ့ နိုင်ငံရေးပွဲစားအချို့တို့က အထွေထွေလူထုအုံကြွမှုကြီးလို့ အမည်တပ်ထားတဲ့ ဆူပူသောင်းကျန်းမှုကြီး ဖြစ်လာအောင် ပြည်တွင်း၊ပြည်ပချိတ်ဆက်ပြီး လှုံ့ဆော်ဖန်တီးနေကြတယ်။ အဲဒီ အဖျက်သမားတွေက အေးအေးချမ်းချမ်း ပညာသင်ကြားနေတာတွေ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းနေတာတွေကို ပျက်ပြားသွားအောင် ကျောင်းသူ၊ကျောင်းသားလူငယ်များအကြားမှာ အဖျက်အမှောင့် လုပ်ငန်းတွေကို သွတ်သွင်းဖန်တီး သွေးထိုးလှုံ့ဆော်နေကြတယ်လို့ဆိုတယ်"

"အေး၊ ပြည်ပအသံလွှင့်ချက်တွေကို နားထောင်ရင်လဲ ၈၈ခုနှစ်ကလို အရေးအခင်းကြီးမျိုးဖြစ်အောင် ဇောင်းပေးပြောနေတာတွေ တွေ့နေရတယ်"

"အဲဒါကြောင့်မို့ ဆရာ၊ ဆရာမတွေအနေနဲ့ ဘေးရန်ဆီးကာဆိုတဲ့ ဆရာ့ကျင့်ဝတ်နဲ့အညီ မိမိတို့ရဲ့တပည့်ကျောင်းသူ၊ကျောင်းသား လူငယ်တွေ အသိဉာဏ်ရင့်ကျက်အောင်၊ အတွေးအခေါ်ခိုင်မာအောင်၊ ဆင်ခြင်တုံတရား ပြည့်ဝအောင် ပညာနှင့်ယှဉ်ပြီး သိမြင်ရှောင်ရှားနိုင်အောင်ပြုစုပျိုးထောင် ပေးဖို့၊ ကာကွယ်စောင့်ရှောက်ပေးကြဖို့ ပြောကြားသွားတယ်"

"လူငယ်ဆိုတာ ခံစားလွယ်တယ်၊ တက်ကြွတယ်။ မဟုတ်မခံတတ်တဲ့ စိတ်ရှိတယ်မဟုတ်လား။ ဒါကိုအခွင့်ကောင်းယူပြီး လုပ်ကြံဖန်တီး သွေးထိုးလှုံ့ဆော်နေတာကို ဆရာ၊ ဆရာမတင် မဟုတ်ဘူး၊ မိဘတွေဖြစ်ကြတဲ့ မင်းတို့ငါတို့ ပြည်သူတွေကပါ အသိပညာပေးပြီး ကာကွယ်ကြဖို့ လိုမယ်"

"အမျိုးသားရေးအပေါ် အခြေခံပြီး ဖွဲ့စည်းထားတဲ့ NGOအဖွဲ့တွေကလည်း တာဝန်သိသိနဲ့ ဝိုင်းဝန်းပါဝင်ကြဖို့လိုမယ်။ အထူးသဖြင့် စာပေအနုပညာရှင်တွေအနေနဲ့ စာပေအနုပညာစွမ်းအားတွေနဲ့ ပြည်သူတွေ၊ လူငယ်လူရွယ်တွေကို အသိဉာဏ်ပညာပေးကြရမယ်။ အဖျက်လုပ်ရပ်တွေ ဖြစ်တဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်မှုတွေကို အမြဲမီးမောင်း ထိုးပြနေသင့်တယ်"

"၈၈ ခုနှစ် အရေးအခင်းမှာ ပြည်သူတွေကို ဘယ်လိုသွေးထိုးလှုံ့ဆော် ဖန်တီးပုံကြီးချဲ့သွားခဲ့သလဲ။ အထူးသဖြင့် ခရစ်စတိုဖာဂန်းနစ်ရဲ့တွေ့ဆုံ မေးမြန်းခန်းတစ်ခုကို တမင်သက်သက် လုပ်ကြံဖန်တီး ထုတ်လွှင့်သွားခဲ့လို့ မီးတောက်ကို ဓာတ်ဆီလောင်းထည့်ပြီး လေပါပင့်ပေးလိုက်သလို ဖြစ်သွားခဲ့တာ ဒို့အားလုံးအမြင်ပဲ မဟုတ်လား။ ဒို့ပြည်သူတွေ မင်းမဲ့စရိုက်ရဲ့ဒဏ်ကို ဘယ်လောက်ခံခဲ့ရသလဲ။ လူပုံအလယ်မှာ ခေါင်းဖြတ်သတ်ခဲ့ကြတဲ့ လုပ်ရပ်တွေကြောင့် ဒို့နိုင်ငံရဲ့ ဂုဏ်သိက္ခာ ဘယ်လောက် ကျဆင်းခဲ့ရသလဲဆိုတာတွေ ဘယ်သူမှ မေ့နိုင်ကြမှာ မဟုတ်ပါဘူး"

"အဲဒီအဆိုးတွေထဲက အဆိုးဆုံးတစ်ခုကတော့ ကိုယ့်သားသမီးတွေကိုတော့ နိုင်ငံခြားမှာ စာသင်ခိုင်းထား၊ အခြားကျောင်းသား၊ ကျောင်းသူလူငယ်များကိုကျတော့ မိဘချင်း ကိုယ်ချင်းမစာဘဲ နယ်စပ်ကိုတွန်းလွှတ်၊ ထွက်မပြေးရင်ဘဲ တပ်မတော်အစိုးရက ဖမ်းတော့မယ့် သဘောမျိုး ခြိမ်းခြောက်ပြီး သောင်းကျန်းသူတွေရှိရာ ထွက်ပြေးခိုင်းတာမို့ လူငယ်အချို့ဘဝပျက်ခဲ့ကြရတာတွေ၊ အချို့သေဆုံးခဲ့ကြရတာတွေဟာ ပုံပြင်မဟုတ် ဘူးလေ။ တကယ့်ဖြစ်ရပ်အမှန်တွေပဲ။ နောက်ဆုံး တပ်မတော်အစိုးရက မိဘချင်းကိုယ်ချင်းစာနာစိတ်နဲ့ တစ်ဖက်နိုင်ငံနဲ့ညှိပြီး ပြန်ခေါ်လို့ ကျောင်းသူ၊ ကျောင်းသား အများအပြားပဲ ပြန်ရောက်လာတယ် မဟုတ်လား။ သူတို့ရဲ့ ရင်ဖွင့်ပြောဆိုချက်တွေ၊ မိဘနဲ့ပြန်တွေ့ရလို့ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ကြတာတွေ မေ့ရက်နိုင်စရာ မရှိပါဘူး"

"ဒို့နိုင်ငံကို စိတ်ကြိုက်ခြယ်လှယ်စိုးမိုးနိုင်ဖို့ ရုပ်သေးအစိုးရကို တင်လိုတဲ့ ပြည်ပနိုင်ငံကြီးနဲ့ လက်ဝေခံ အသုံးချခံတွေဖြစ်ကြတဲ့ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားတွေကတော့ ဒို့ပြည်သူတွေကို ဘေးဒုက္ခမီးထဲ မရောက်ရောက်အောင် နည်းမျိုးစုံသုံးလို့ အတင်းတွန်းပို့နေကြမှာပဲ။ ဒို့နိုင်ငံ မတိုးတက်မဖွံ့ဖြိုးဖို့၊ ဒို့ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ဖို့၊ နိုင်ငံတကာက ဒို့နိုင်ငံအပေါ် အထင်အမြင်လွဲမှားပြီး ဖိအားတွန်းအားတွေ ပေးဖို့ ဆက်လုပ်နေကြမှာပဲ။ ဒါတွေကို ဒို့ပြည်သူတွေ၊ ကျောင်းသား၊ ကျောင်းသူလူငယ်တွေ သတိမူမိပြီး အသိရှိရှိနဲ့ ကာကွယ်ဆန့်ကျင် တိုက်ဖျက်နိုင်ဖို့လိုမယ်"

"စာပေပညာရှင်တွေ၊ သတင်းမီဒီယာတွေက သမိုင်းကြောင်းကခါးသီးစရာ ကောင်းလွန်းတဲ့ သင်ခန်းစာအဖြစ်အပျက်တွေနဲ့ အတွေ့အကြုံတွေ ရရှိခဲ့ပြီးတာကို ဘယ်တော့မှ မမေ့ဖို့၊ သတိရှိဖို့ကို အမြဲမီးမောင်းထိုးပြ၊ အမှန်တရားတွေနဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့မှုတွေကို ချေဖျက်ကြ၊ ပြည်သူတွေ ဆင်ခြင်သုံးသပ်လို့ အမှန်ကို မြင်နိုင်ကြအောင် အသိပညာတွေ ပေးကြဖို့ အထူးလိုမယ်"

"ဟုတ်တယ်လေ၊ ဒါကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံမှာ အတွင်းရေးမှူး(၁)ကရော၊ ပြန်ကြားရေးဝန်ကြီးကပါ စာပေပညာရှင်တွေ၊ သတင်းမီဒီယာတွေကို အမျိုးသားရေးဘက်က ခိုင်ခိုင်မာမာရပ်တည်ကြပြီး အမျိုးသားရေး အကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်ကြဖို့၊ စာပေစွမ်းပကားတွေနဲ့ ပြည်သူတွေသိအပ်၊ တွေးအပ်၊ မြင်အပ်၊ ဆင်ခြင်အပ်၊ လုပ်ဆောင်အပ်တာတွေကို ကဏ္ဍစုံကနေ ရေးသားကြဖို့၊ ပြည်သူတွေရဲ့ မြတ်နိုးအပ်တဲ့ စရိုက်လက္ခဏာကောင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြဖို့၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေလူတိုင်းမှာ အစဉ်အမြဲရှိနေကြဖို့၊ အမျိုးဂုဏ်ဇာတိဂုဏ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့၊ အဖျက်အမှောင့်လုပ်ရပ်များနဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့စွပ်စွဲမှုတွေအပေါ် မှန်ကန်စွာဆင်ခြင်သိမြင်သုံးသပ်နိုင်ကြဖို့၊ အမှားအမှန် အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ပညာများ ရှိကြစေဖို့၊ နိုင်ငံတကာနဲ့ ပြည်တွင်းဖြစ်စဉ်သမိုင်းကြောင်းတွေထဲက သင်ခန်းစာတွေ ရရှိစေဖို့အတွက် အမြဲပညာပေး လှုံ့ဆော်နေကြပါလို့ တိုက်တွန်းပြောကြားသွားတာ တွေ့ရပါတယ်"

"စာပေညီလာခံကိုယ်စားလှယ်အားလုံးက အခုလို အတွင်းရေးမှူး(၁)နဲ့ ပြန်ကြားရေးဝန်ကြီးတို့ရဲ့ အမှာစကားတွေကို ရှေ့လုပ်ငန်းစဉ်တွေအဖြစ် ခံယူကျင့်သုံးကြဖို့ တစ်ခဲနက် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာတွေကို တွေ့ရလို့ အလွန်ကျေနပ်အားရစရာပဲပေါ့"

"စာပေပညာရှင်တွေနဲ့ မီဒီယာအားလုံးက သမိုင်းကြောင်း ခေတ်အဆက်ဆက်က စာပေပညာရှင်များရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး အမျိုးသားရေးအမြင်နဲ့ အမျိုးသားရေးဘက်က ရပ်တည်လို့ စာပေတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားကြမယ်ဆိုရင် နိုင်ငံအတွက် တကယ်အားကိုးရမယ့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ် ဖြစ်နေမှာ မလွဲပါဘူး"

"အေးပေါ့၊ ဒါ့ကြောင့် စာပေလောကသားအားလုံးကို ဦးဆောင်နေတဲ့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက ထက်ထက်မြက်မြက် သွက်သွက်လက်လက်နဲ့ ကျစ်လျစ်ခိုင်မာတောင့်တင်း ညီညွတ်တဲ့ အဖွဲ့ကြီး တစ်ရပ် ဖြစ်လာအောင် စည်းရုံးဆောင်ရွက်သွားဖို့လိုမယ်"

"မင်းက အဖွဲ့ဝင်တစ်ယောက်အနေနဲ့ စာပေညီလာခံ သွားတက်ထားတော့ လက်ရှိအမှုဆောင်သစ်ရဲ့ အခြေအနေကို ပြောစမ်းပါဦး"

"လက်ရှိအမှုဆောင်သစ်တွေထဲမှာ အရာရာကို ဝေဖန်ပိုင်းခြားနိုင်တဲ့၊ အတွေ့အကြုံရင့်ကျက်တဲ့ အသက်ကြီးပိုင်းတွေပါတယ်။ အင်တိုက်အားတိုက် စွမ်းစွမ်းတမံလုပ်ဆောင်နိုင်ကြတဲ့ အတွေ့အကြုံ အထိုက်အလျောက်ရှိကြတဲ့ လူလတ်ပိုင်းတွေပါတယ်။ မျိုးဆက်သစ်လူငယ်တွေအဖြစ်နဲ့ လက်ဆင့်ကမ်းတာဝန်ယူကြရမယ့် လူငယ်တွေလည်းပါတာ တွေ့ရတယ်လေ။ နောက်ပြီး ထူးခြားတာက ဂျာနယ်၊မဂ္ဂဇင်းတွေက မီဒီယာပိုင်းမှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ လုပ်ဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ပါဝင်လာကြတာတွေ့ရလို့ စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့၊ စာပေလောကသားတို့ရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံနဲ့လူမျိုး အကျိုးအတွက် အမျိုးသားရေးဘက်က ခိုင်ခိုင်မာမာ ရပ်တည်ပြီး အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ဖို့အတွက် အရင်ကထက် ပိုမိုပြီး ထိထိရောက်ရောက် စွမ်းစွမ်းတမံလုပ်ဆောင်နိုင်ကြတော့မှာ ဖြစ်တယ်လို့မြင်တယ်"

"အေးလေ၊ ခေတ်နဲ့အညီ တိုးတက်ဖြစ်ထွန်းလာအောင် သမားရိုးကျဆောင်ရွက်နေကျ လမ်းကြောင်းကနေ ပိုမိုထိရောက်အောင်မြင်တဲ့ နည်းလမ်းတွေနဲ့ လက်တွေ့ကျကျ သုံးသပ်ဆောင်ရွက်ကြမယ်၊ စည်းစည်းလုံးလုံးနဲ့ အကောင်အထည်ဖော်ကြမယ်ဆိုရင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးရဲ့ ဦးဆောင်မှုအောက်မှာ စာပေလောကသားအားလုံး ပါဝင်လာကြမှာမလွဲဘူး။ အဲဒါမှလည်း ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အပြောမဟုတ်၊ လက်တွေ့ကျကျ အကောင်အထည် ဖော်လာနိုင်မှာ မဟုတ်လား"

"ဟုတ်တယ်၊ အမှုဆောင်အဖွဲ့သစ်က တက်တက်ကြွကြွ ထက်ထက်မြက်မြက် သွက်သွက်လက်လက်နဲ့ အားသစ်လောင်း လှုပ်ရှားအကောင်အထည်ဖော်ကြမယ်၊ မိမိတို့ရဲ့ လုပ်ဆောင်မှုတွေအပေါ် အမြဲပဲ အပြုသဘောနဲ့ သုံးသပ်ဝေဖန် ဆန်းစစ်လုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံအတွက်ရော၊ စာပေလောကသားအားလုံးအတွက်ပါ အမှန်အားကိုးစရာ အဖွဲ့ကြီးအဖြစ် ရောက်ရှိလာမှာပါ"

"ငါ့အမြင်ကတော့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံမှာ အတည်ပြုဆုံးဖြတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို လက်တွေ့ကျကျ လုပ်ဆောင်ကြဖို့ လိုမယ်ထင်တယ်"

"မှန်တာပေါ့၊ စာပေါ်မှာတင် နှုတ်နဲ့ပြောနေရုံတင် မဟုတ်ဘဲ လက်တွေ့ကျကျ အကောင်အထည် ဖော်သွားကြမှာပါ။ ဘာလို့လဲဆိုတော့ ဝါသနာ၊ စေတနာနဲ့ နိုင်ငံ့တာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်နဲ့ စာပေလောကသားတို့ရဲ့ အကျိုးအတွက် လုပ်ကြမယ်ဆိုပြီး ကိုယ်တိုင်ဆန္ဒပြုထားသူများ ဖြစ်တာမို့ လက်တွေ့လုပ်ပြကြမှာပါလို့ မြင်ပါတယ်"

"မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က နိုင်ငံအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်ဖြစ်ပေါ်နေတယ်။ စာပေလောကသားများအားလုံးကိုလည်း ကိုယ်စားပြုထားပြီး စာပေလောကကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်စေဖို့၊ စာပေလောကသားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ကို ဦးဆောင်ဦးရွက်ပြုနေကြတဲ့အဖွဲ့ကြီးဖြစ်တာမို့ အဲဒီမှာ တာဝန်ယူထားကြတဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနဲ့ ကြီးလေးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြသူတွေဖြစ်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ကိုယ်အားဉာဏ်အားရှိသမျှ၊ စွမ်းအားရှိသမျှနဲ့ အစွမ်းကုန်တကယ်လုပ်ပြကြမယ်လို့ ယုံကြည်ပါတယ်"

"နိုင်ငံအတွက် စာပေအဖွဲ့ကြီးလိုပဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး အမျိုးသမီးထုရဲ့ အကျိုးစီးပွားအတွက် ဦးဆောင်ဦးရွက်ပြုနေတဲ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေတာကိုလည်း တွေ့ရတယ်"

"ပြီးခဲ့တဲ့ ဇူလိုင်၃ရက်က မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရန်ကုန်မြို့နဲ့ ပြည်နယ်နဲ့တိုင်း မြို့ကြီးတွေမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားတာကိုလည်း တွေ့လိုက်ရတယ်"

"အေးလေ၊ မြန်မာအမျိုးသမီးများကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့အဖြစ် ဇူလိုင်လ ၃ရက်နေ့ကို သတ်မှတ် ပေးထားတယ်လေ"

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ဇနီး ဒေါ်သန်းသန်းနွဲ့ရဲ့ အမှာစကား ပြောကြားခဲ့မှုကို လေ့လာသုံးသပ်ကြည့်ရင် နိုင်ငံအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး အမျိုးသားရေးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းအများအပြားကို လုပ်ဆောင်ခဲ့၊ လုပ်ဆောင်လျက်ရှိနေတာ တွေ့ရတယ်။ **မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့** ဆိုတဲ့ ဆောင်ပုဒ်အတိုင်းလည်း မြန်မာအမျိုးသမီးတို့ရဲ့ အကျိုးစီးပွားအတွက် စွမ်းစွမ်းတမံ၊ ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက်နဲ့ ဦးဆောင်ဦးရွက်ပြုလို့ ဆောင်ရွက်ပေးနေတာတွေကို အားရစရာတွေ့ရတယ်"

"မြန်မာအမျိုးသမီးတွေရဲ့ သန့်စင်မွန်မြတ်ကောင်းမွန်တဲ့ အစဉ်အလာအတိုင်း တစ်ဖက်က အိမ်ထောင့်တာဝန်ကို ထိန်းသိမ်းရင်း တစ်ဖက်ကလည်း နိုင်ငံ့အကျိုး၊ အမျိုးသမီးတို့ရဲ့အကျိုးကို အခုလို ဆောင်ရွက်နိုင်တာ တွေ့ရလို့ ချီးမွမ်းစရာပါပဲ"

"အသင်းဝင် မြန်မာအမျိုးသမီးဦးရေက ၂ဒသမ ၆သန်းကျော်တောင် ရှိနေတာဖြစ်လို့ အမျိုးသားရေးကို အခြေခံဖွဲ့စည်းထားတဲ့ NGO အဖွဲ့ တွေထဲမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပြီးရင် ဒုတိယ အင်အားအကြီးမားဆုံးအဖွဲ့ကြီးအဖြစ် ရပ်တည်နေတာတွေ့ရသလို နိုင်ငံအတွက်၊ အမျိုးသမီးများအတွက် ဆောင်ရွက်နိုင်စွမ်းကလည်း အလွန် ကြီးမားကျယ်ပြန့်များပြားတာကို တွေ့ရလို့ ဒို့မြန်မာအမျိုးသမီးများအတွက် အားရဂုဏ်ယူစရာပါပဲ"

"အေး-မပြောမဖြစ်လို့ ပြောရဦးမယ်။ ဟိုအမျိုးသမီးရဲ့မွေးနေ့ကို အဲဒီပါတီကနေပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ကျင်းပနေတာ ပြည်ပအသံလွှင့်ဌာနတွေက လွှင့်သွားတာ ကြားလိုက်ရတယ်"

"ဟုတ်ပ၊ မဆီမဆိုင်၊ ဘာမှလည်းမဆိုင်၊ ဘယ်လိုမှလည်းမထိုက်တန်တဲ့ သူမရဲ့မွေးနေ့ကိုများ မြန်မာအမျိုးသမီးများနေ့ရယ်လို့ သတ်မှတ်လုပ်ဆောင်နေတာ ဘယ်လိုအမြင်အတွေးများ ပေါက်နေသလဲ မသိပါဘူးကွာ၊ တော်တော်စိတ်ပျက်ဖို့ကောင်းပါ့"

"နိုင်ငံခြားသားကိုယူ၊ နိုင်ငံခြားမှာပဲ ဆယ်စုနှစ်ပေါင်းများစွာနေ၊ အဲဒီနိုင်ငံရဲ့နိုင်ငံသားအဖြစ်ကိုလည်းခံယူထားတဲ့သူကိုမှ ရွှေဉာဏ်တော်စူးရောက်ပြီး ဂုဏ်ပြုရတယ်လို့၊ သူတို့မှာအရှက်တရားဆိုတာများ မရှိတော့ဘူးလားမသိဘူး"

"အခုထက်ထိလည်း နိုင်ငံအတွက် ကောင်းကျိုးတစ်ခုတလေတောင် မပြုခဲ့ဖူးတဲ့သူ၊ ကောင်းကျိုးမပြုရင်ထား ဆိုးကျိုးမပေးရင် တော်သေးရဲ့၊ အခုတော့ကွာ တစ်ဖက်က ဒီမိုကရေစီကိုဗန်းပြ အသံကောင်းဟစ်၊ တစ်ဖက်ကပြည်ပဆရာကြီးတွေအတွက် ပုဆိန်ရိုးလုပ်ပေးပြီး ဆုကြေးငွေဒေါ်လာတွေ အဆမတန်ရနေတာတွေ၊ ပိတ်လေးပိတ်နဲ့ နိုင်ငံကိုပိတ်ဆို့စေပြီး နိုင်ငံမဖွံ့ဖြိုးအောင်၊ ပြည်သူတွေ ဘေးဒုက္ခမရောက်ရောက်အောင် လုပ်နေတာတွေ၊ ရုပ်သေးအဖြစ် ဖြတ်လမ်းက အာဏာရအောင် ပြည်ပသြဇာခံပြီး လုပ်နေတာတွေ အထင်အရှားတွေ့နေလျက်နဲ့ သူမကိုများဂုဏ်ပြုရသတဲ့"

"သူမရဲ့တောင်းဆိုချက်အရ သူမအာဏာရဖို့အတွက် ပြည်ပဆရာကြီးက မြန်မာနိုင်ငံအပေါ် ပိတ်လေးပိတ်နဲ့ဆောင်ရွက်နေတာမို့ အထည်ချုပ် စက်ရုံတွေ အများအပြားပိတ်လိုက်ရတာ၊ စက်ရုံ အလုပ်သမတွေဖြစ်တဲ့ အမျိုးသမီးတွေသောင်းပေါင်းများစွာအလုပ်လက်မဲ့ဖြစ်ခဲ့ကြရလို့ ဘဝပျက်ခဲ့ရတာတွေ အထင်အရှားပါပဲကွာ၊ အမျိုးသမီးဘဝတွေကို ဖျက်ဆီးခဲ့သူကိုမှ သူမရဲ့မွေးနေ့ကို အမျိုးသမီးများနေ့လို့ သတ်မှတ်တာ ရူးသွပ်လွန်းအားကြီးပါတယ်"

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ကကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)ရပ်ကွက် စစ်တောင်းလမ်းရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် တိုင်းရင်းသားရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်ဌာနမှူး ပါမောက္ခများ၊ ဆရာမများနှင့် ကျောင်းသားများက ကံ့ကော် ပင်၊ခရေပင်၊အင်ကြင်းပင်နှင့် ပိတောက်ပင်များကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

ကြက်ဆူပင်နှစ်ဧက စိုက်ခင်းနှင့်မိုင်တိုင် အမှတ်၃၁/၄ရှိ ငမိုးကြီးကျေးရွာမှ တောင်သူဦးညို၏ ခြောက်လသား အရွယ် ခြံစည်းရိုးကြက်ဆူခင်းနှင့် ခြံထွက် ကြက်ဆူသီးများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လိုအပ်သည်များ မှာကြားသည်။

**ရှင်သန်ဖြစ်ထွန်း**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပေါက်–ပခုက္ကူလမ်း မိုင်တိုင်အမှတ် ၂၅/၁ရှိ တက်မတောင်သို့ ရောက်ရှိကြပြီး အမြင့်ပေ ၁၁၂၇ပေရှိ တက်မတောင်ထိပ်မှ တက်မတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တက်မတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသည် မကွေးတိုင်း ပေါက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင် ဆက်စပ်လျက်ရှိပြီး အကျယ်အဝန်းမှာ ဧက၂၆၅၀၀ရှိသည်။ ယင်းဒေသ၌ ထောက်ကြံ့၊ ပျဉ်းကတိုး၊ သင်းဝင်၊ နဘဲ၊ ဒီးဒူး၊ လက်ပံနှင့် စွေ့နီပင်များ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိပြီး သစ်တောစိုက်ခင်း ၅၆၃၅ဧကကို ၁၉၉၃ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ စိုက်ပျိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပျက်သုဉ်းခဲ့ရသော သစ်ပင်သစ်တောများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တာဝန်ယူအစားထိုးပျိုးထောင်စိုက်ပျိုးထားရာ ယခုအခါ စိမ်းလန်းစိုပြည်နေပြီဖြစ်သည်။ **(သတင်းစဉ်)**

# အာရှအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း နေပြည်တော်–ရန်ကုန် အမြန်ယာဉ်လိုင်းသစ်ဖွင့် နေ့စဉ်နံနက်၇နာရီနှင့်ည၈နာရီတို့တွင်ပြေးဆွဲမည်

**နေပြည်တော် ဇူလိုင် ၂၈**

အာရှအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်း နေပြည်တော်–ရန်ကုန် (Asia Express) အမြန်ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့နယ် မော်တော်ယာဉ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံ၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ (Asia Express) အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာရှအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၏ နေပြည်တော်–ရန်ကုန် Asia Express အမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားပြီး Asia Express အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဥက္ကဋ္ဌ ဦးဝင်းနိုင်က ယာဉ်လိုင်းသစ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ထို့နောက် နေပြည်တော်–ရန်ကုန် (Asia Express) အမြန်ယာဉ်လိုင်းသစ်ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အမြန်ယာဉ်လိုင်းသစ်သည် ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်ကို နေ့စဉ် နံနက် ၇ နာရီနှင့် ည ၈ နာရီ တို့တွင် ရန်ကုန်နှင့်နေပြည်တော်တို့မှ တစ်ပြိုင်တည်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

"ဆုကြေးဒေါ်လာတွေနဲ့ ကြိုးတုပ်ခံထားရတော့ လွတ်ထွက်အောင်လည်း မရုန်းထွက်နိုင်၊ ရုန်းထွက်လိုတဲ့ဆန္ဒလည်းမရှိသေးဘဲ အတုအယောင် ချီးမွမ်းထောမနာပြုနေမှုအပေါ် သာယာနေလေတော့ ဒို့နိုင်ငံအတွက် တော်တော်လေးကို ရင်လေးစရာပဲဟ"

"အေးလေ၊ အခုတော့ သူ့ပါတီဝင်တွေကအစ အမြင်မှန်၊ အသိမှန်တွေ ဖြစ်လာကြပြီမို့ ဘာတစ်ခုမှ နိုင်ငံနဲ့လူမျိုးအတွက် ကောင်းကျိုးမပြုခဲ့သေးတဲ့ အပြင် ဆိုးကျိုးတွေကိုသာ တစ်မျိုးပြီးတစ်မျိုးပေးနေတဲ့ ပြည်ပသြဇာခံ သူ့ပါတီကနေ နုတ်ထွက်နေကြတာ မင်းတို့ငါတို့အားလုံး အမြင်ပဲ မဟုတ်လား"

"ဒို့သိနေတာက သတင်းစာမှာ နေ့စဉ်လိုလိုပါနေတဲ့ ပါတီက နုတ်ထွက်တဲ့ သတင်းဖော်ပြချက် အရေအတွက်လောက်ပဲ သိတာ။ အခု ပြည်နယ်နဲ့တိုင်း မြို့ကြီးတိုင်းမှာ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပတော့မှ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌရဲ့ အမှာစကားထဲမှာ မန္တလေးတိုင်းက NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး၊ မြို့နယ်စည်းရုံးရေး ကော်မတီဝင် ၃၂၇ ဦး၊ ပါတီဝင် ၅၅၉၈၂ ဦးတို့ NLD ပါတီဝင်အဖြစ်ကနေ နုတ်ထွက်ခဲ့ကြပြီး ဖြစ်တယ်လို့ အတိအကျကိုပါတာ တွေ့ရတယ်"

"NLD ပြောရေးဆိုခွင့်ရှိသူတွေက NLD ပါတီဝင်တွေနုတ်ထွက်ရတာ အစိုးရကဖိအားပေးလို့ နုတ်ထွက်ရတယ်လို့ဆိုတယ်။ အဲဒီလောက်အင်အားအများအပြား နုတ်ထွက်ခဲ့တာကိုများ သူတို့မို့ မဟုတ်မဟပ် ပြောရဲသေးတယ်နော်"

"အေးကွာ၊ အမြင်မှန်တော့ရသင့်ကြပါပြီ။ သူတို့ကြောင့် နိုင်ငံတော်ကြီးလည်း နစ်နာလှပါပြီ။ ပုဂ္ဂိုလ်ရေးအကျိုး၊ ပါတီအကျိုး၊ အဖွဲ့အစည်းအကျိုးထက် နိုင်ငံတော်နဲ့ ပြည်သူတွေအားလုံးအကျိုးကို အမြန်ဆုံးပြန်လည် ရှေးရှုလုပ်ဆောင်သင့်ပါပြီ"

ထိုသို့ စကားဝိုင်းဖွဲ့၍ ကောင်းနေစဉ် အချိန်လင့်လာပြီမို့ စကားဝိုင်းကိုရပ်ဆိုင်းခဲ့ပြီး အိမ်ပြန်ခဲ့ကြသည်။ အိမ်အပြန်လမ်းတစ်လျှောက် မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို တွေးတောလာခဲ့ရာမှ အမျိုးသားရေးအမြင်ဖြင့် လူတိုင်းလူတိုင်း အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အမြန်ဆုံးရောက်ရှိလာနိုင်မည်ကို မြင်ယောင်နေမိပါသည်။ ထို့အတူ နိုင်ငံတော်အပေါ် ဆန့်ကျင်နေသူများအားလုံး မိမိတို့ကိုယ်ကျိုး၊ မိမိတို့ပါတီနှင့်အဖွဲ့အစည်းများ၏အကျိုးထက် နိုင်ငံနှင့် ပြည်သူအားလုံးတို့၏ အကျိုးကိုသာ မှန်မှန်ကန်ကန် ရှုမြင်ဆောင်ရွက် နိုင်ကြပါစေဟု ဆန္ဒပြုနေမိပါတော့သည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉–၇–၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | Video Magazine |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၄၅ | မေးကြည့် ဖြေကြည့် ပဟေဠိ (ရီဝေယံ၊ စုချစ်ဇော်) |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | မမေ့နိုင်စရာ နန်းတွင်းရတနာ ရိုက်ကွင်းရှာ |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၉း၁၀ | ရွှေထည်ပြုလုပ်ခြင်းအနုပညာ |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | ကလေးတို့အတွက်လက်ဆောင် (လက်ချောင်းစွပ် အရုပ်ခေါက်နည်း) |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေးဆောက်ကြစို့ |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | 'စိတ်'မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် (ဝါဝါဝင်းရွှေ) |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁း၄၅ | ချိုဆိမ့်မွှေးမွှေး သကြားလုံးလေး |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ် တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့်ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးရှေးရှုလုပ်ဆောင် ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၂၆ ဦးနုတ်ထွက်

**ရန်ကုန် ဇူလိုင် ၂၈**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခနုံးချောင်းသစ်ဖြူရွာမှ ဦးသိန်းရွှေသည် ဇူလိုင် ၁၁ ရက်တွင်လည်းကောင်း၊ မြို့သစ်မှဦးထွန်းရှိန်၊ ခနုံးချောင်းသစ်ဖြူရွာမှ ဦးအောင်ရွှေ၊ မိချောင်းသိုက်ရွာမှ ဦးသောင်းမြင့်၊ ပန်းပဲစုရွာမှ ဦးဌေးဝင်း၊ ဦးဇော်နိုင်ဦး(ခ)ဇော်ဦး၊ ဦးရဲနိုင်၊ ဦးဖိုးကြည်လွင်၊ ဦးကျော်ငြိမ်း၊ ဦးနေလင်းဦး၊ ဒေါ်ညို၊ ကံကြီးရွာမှ ဦးတင်လှိုင်၊ ဦးခင်မောင်ထွန်း၊ ဦးချစ်ထွန်း၊ ဦးစိုးဝင်းနိုင်၊ ဦးစိန်ထွန်း၊ ဦးကျော်ယုတို့သည် ဇူလိုင် ၁၄ရက်တွင်လည်းကောင်း၊ ပျဉ်းမကုန်းရွာမှ ဦးကျော်ဝင်း၊ ဦးစောဝင်း၊ ဦးမြင့်စိုး၊ ဦးမြင့်သန်း၊ ဦးအောင်မိုး၊ ကွန်းယာကမ်းလေးရွာမှ ဦးစု(ခ)တင်အုန်း၊ စံကင်းရွာမှ ဦးသန်းဇော်(ခ)ထွန်းဇော်၊ လေးအိမ်တန်းရွာမှ ဦးသာအေး(ခ)တင်အေး၊ ဦးသန်းနိုင်တို့သည် ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်စာများကို လက်မှတ် ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါပါတီဝင် ၂၆ဦးတို့၏ နုတ်ထွက်လွှာတွင် NLDပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကိုသာ ရှေးရှုလုပ်ဆောင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် NLDပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၉ မှ**

အဆိုပါ သင်တန်းကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တိုင်းရင်းသားလူငယ် ၅၇၄ဦးကို ဘွဲ့/ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီး၌ ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့နှင့်ဒီပလိုမာရရှိသူများအနက် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ/မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်း၊ မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်းနှင့် M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးခဲ့ကြောင်း။

ဆပ်ကော်မတီ၊ စိုက်ပျိုးရေးလုပ်ငန်းဆပ်ကော်မတီ၊ သစ်တောလုပ်ငန်း ဆပ်ကော်မတီ၊ မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊ ကုန်သွယ်ရေးလုပ်ငန်းဆပကော်မတီ၊ စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီ၊ သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးလုပ်ငန်းဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၊ ပြည်ထဲရေးဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီနှင့် လူမှုဝန်ထမ်းနှင့် သမဝါယမ လုပ်ငန်း ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မိမိတို့နိုင်ငံအဖို့ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ အမြဲမပြတ် ရှင်သန်ထက်မြက်နေစေဖို့လိုအပ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့မှာ ရှေးယခင်သမိုင်းဦး ကာလကတည်းကပျိုးထောင်ပွားများခဲ့ရသကဲ့သို့ ပစ္စုပ္ပန် ကာလနှင့် နောင်အနာဂတ်ကာလတွင်လည်း စဉ်ဆက်မပြတ် ပျိုးထောင်ပွားများကြရမည်ဖြစ်ကြောင်း။

**အောင်မြင်ဖြစ်ထွန်း**

ယင်းစိတ်ဓာတ် အခြေခံတို့ဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မှီတင်းနေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်ရာ ရရှိသော



**ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရှင်းလင်းတင်ပြ စဉ်။**
(သတင်းစဉ်)

**သာသနာရေး ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရ မြင့်မောင် ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ အခြေခံပညာအထက်တန်းစာမေးပွဲ နှစ်ကြိမ်ကျရှုံးသူများနှင့် ပညာဆက်လက် သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် "အသက်မွေးမှုပညာ လေ့ကျင့်ရေးကျောင်း (စက်ပြင်အလုပ်ရုံ)"ကို စစ်တွေမြို့၌ ၁၂-၉-၂၀၀၁ရက်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင်အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံ အီလက်ထရွန်နစ် ပညာရပ်များကို သင်တန်းကာလခြောက်လ သတ်မှတ်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း။

**အသက်မွေးဝမ်းကျောင်းပညာရပ်**

အလားတူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် ပညာရေးသက်သက်သာ မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြစ်သည့် ပန်းရန်၊ လက်သမား၊ သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့် ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျောင်းများဖွင့်လှစ်သင်ကြားပေးရန် နတလ ဗဟိုကော်မတီ ဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားကြောင်း၊ ယင်းလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လောက်ကိုင်နှင့် ပန်ဆန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားတို့၌ နယ်စပ်ဒေသ စက်မှုလက်မှုအတတ်ပညာသင်တန်းကျောင်းများဖွင့်လှစ်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလား စက်မှုလက်မှု ပညာသင်တန်းကျောင်းကို ၈-၇-၂၀၀၆ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နှင့် ပန်ဆန်းမြို့တို့၌ ယခုလအတွင်း ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ပြီး ဖြစ်ကြောင်း။

နယ်စပ်ဒေသအသီးသီး၌ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၃၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသ အသီးသီးမှ အမျိုးသမီးငယ် ၁၇၈၈၃ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

**တိုးချဲ့ဖွင့်လှစ်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် မတူပီ၊ ကန်ပက်လက် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း ခြောက်ကျောင်း၌ အခြေခံ အိမ်တွင်းမှုပညာရပ်များအပြင် သိုးမွေးစက်ဆွဲပညာရပ်ကို အထူးပြု ဘာသာရပ်အနေဖြင့် သင်ကြားပေးလျက်ရှိပြီး မင်းတပ်၊ ဟားခါးနှင့် ဖလမ်း အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများ၌ ကနုကမာကျောက်စီပန်းချီပညာနှင့် အခြေခံ ရက်ကန်းပညာများကို သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကချင်ပြည်နယ် ဗန်းမော်မြို့၌ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း တစ်ကျောင်းသာ ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၅- ၂၀၀၆ခုနှစ်အတွင်း ဒေသလိုအပ်ချက်အရ ကချင်ပြည်နယ်ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဗန်၊ စစ်ကိုင်းတိုင်း နန်းယွန်း၊ လေရှီး၊ လဟယ်၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ မွန်ပြည်နယ် မုဒုံမြို့များ၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်း ကျောင်းသစ် ၁၅ကျောင်းကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြီးခဲ့သည့် နတလဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ လမ်းညွှန်ခဲ့သည့်အတိုင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိနေပြီးဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟနောက်ကျန်နေသေးသည့် ဒေသများကို ပိုမိုအားစိုက်ဆောင်ရွက်ပေးကြပါရန်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးပါရန် ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ လမ်းတံတားလုပ်ငန်းဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆပ်ကော်မတီ၊ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊ ပညာရေးလုပ်ငန်း

**အကြံပြုဆွေးနွေးတင်ပြ**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အစည်းအဝေးတက်ရောက်သူများက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေနှင့်လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရန် အဓိကကျကြောင်း။

**ပြုစုစောင့်ရှောက်**

ယင်းသို့ ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရေးအတွက် ဒေသရှိ အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မပျက် အကောင်အထည် ဖော်ခြင်း၊ အရည်အသွေး မြှင့်တင်ခြင်းတို့ဖြင့် အမြဲမပြတ် ပြုစုစောင့်ရှောက်နေရန် လိုအပ်ကြောင်း။

အောင် မြင်ဖြစ်ထွန်းမှုများကို ကျေနပ်နှစ်သိမ့်မနေဘဲ ဖွံ့ဖြိုးတိုးတက် သည့်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားကြဖို့ လိုကြောင်း။

ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသဆိုင်ရာအဆင့်တွင် ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက် လျက်ရှိသကဲ့သို့ ဗဟိုအဆင့်ကလည်း အခြေခံအဆင့်အထိ စဉ်ဆက်မပြတ်ဆင်း၍ ထိတွေ့စောင့်ရှောက်ပေးကြရန် လိုကြောင်း။

အခြေခံ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုအဆင့်မှနိုင်ငံတော်ကို ကိုယ်စားပြုပြီး လက်တွေ့ထိတွေ့ ကူညီစောင့်ရှောက်ခြင်းသည် ဒေသခံများအတွက် စိတ်ဓာတ်အင်အားကို တိုးပွားစေကြောင်း။

**ကူညီပံ့ပိုး**

သို့ဖြစ်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မှုများကို ဗဟိုအဆင့်မှ လက်တွေ့ထိတွေ့စောင့်ရှောက် ကူညီပံ့ပိုးမှုများဖြင့် အားပေးဆောင်ရွက်ကြရန်ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၇-၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တံငါတံတား
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၉)
၁၃:၁၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၂၅ ၈။ **"မပြောမပြီး မတီးမမြည်"** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၃:၄၅ ၉။ ဆင်းရွှေလီရန့်သင်းပုံမွှေးကြိုင်လားရှိုးခရိုင်
၁၄:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၁၅ ၁၁။ အဆိုပြိုင်ပွဲ
၁၄:၂၅ ၁၂။ ဆင်ဖြူရှင်တံတား
၁၄:၃၀ ၁၃။ အကပြိုင်ပွဲ
၁၄:၃၅ ၁၄။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၄၀ ၁၅။ သုံးဆယ်ရေလှောင်တမံ
၁၄:၄၅ ၁၆။ International News
၁၅:၀၀ ၁၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၁၀ ၆။ နားဝင်ပီယံသူ့လက်သံ
၁၇:၁၅ ၇။ **"ချစ်လွန်းလို့"** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၇:၂၀ ၈။ တေးဂီတအစီအစဉ်
၁၇:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ Discovery
၁၈:၅၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၀၀ ၁၄။ သီပေါ၊ လားရှိုး ရိက္ခာဖြိုးတိုးပွားနေမည်စပါးဆင်ရွှေလီ
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၁၇)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၅)
၂၀။ နောက်တစ်နေ့အစီအစဉ်

## ဆိုင်ကယ်ခိုးသူ အချိန်မီဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်း အမှတ် (၆/၃၅) ဒေါ်ကျင်စိန်၏ နေအိမ်တွင် ငှားရမ်းနေထိုင်သူ မောင်သက်နောင်အေး (ဘ) ဦးတင်အေးသည် ဇူလိုင် ၂ရက်နံနက် အိပ်ရာမှ နိုးစဉ် မိမိပိုင် DVD စက်တစ်လုံးနှင့် အပြာရောင် ဆိုင်ကယ်တစ်စီး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တစ်ဆင့် သက်ဆိုင်ရာသို့ သတင်းပို့ တိုင်ကြားခဲ့သည်။

**ခေါ်ယူစစ်ဆေး**

ထို့ကြောင့် သက်ဆိုင်ရာက မသင်္ကာသူများအနက် အိမ်ရှင် ဒေါ်ကျင်စိန်၏ မြေးဖြစ်သူ ပျဉ်းမနားမြို့နယ် ပုရွတ်ဆိတ်ကုန်းကျေးရွာနေ နိုးနိုးအောင်(ခ)ပွေလီ ၁၉နှစ် (ဘ) ဦးကျော်မြင့်သည် အဘွားဖြစ်သူထံ ယခင်က မကြာခဏ လာရောက်တတ်ခြင်း၊ အလုပ်အကိုင်မရှိခြင်း၊ အရက်သေစာ သောက်စားတတ်ခြင်း၊ မိဘများ၊ ယောက္ခမများနှင့် အဆင်မပြေခြင်း၊ အခင်းမဖြစ်မီနေ့က ဆိုင်ကယ်ပြင်ဆိုင်၌ ထိုင်နေခဲ့ခြင်း၊ အခင်းဖြစ်ပြီးနောက် အဘွားဖြစ်သူထံလာရောက်မှုမရှိတော့ခြင်း စသည့် သံသယဖြစ်ဖွယ်ရာများကြောင့် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် နိုးနိုးအောင်အား ခေါ်ယူစစ်ဆေးခဲ့သည်။

**ပြန်လည်သိမ်းဆည်း**

စစ်ဆေး ဖော်ထုတ်ချက်အရ နိုးနိုးအောင်(ခ)ပွေလီထံမှ ခိုးယူဝှက်သိမ်းထားသည့် ဆိုင်ကယ်နှင့် ငွေကျပ် ၄၀၀၀၀ဖြင့် ရောင်းချထားသော DVD စက်တို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး တရားခံအား ထိရောက်စွာ အရေးယူအပြစ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၈**

ဇူလိုင် ၂၆ ရက် နံနက် ၅ နာရီတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းပေါ်၌ ကုန်တင်ကားနှစ်စီး ခေါင်းချင်းယှဉ် တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ်ကိုးစီးဖြင့်မီးသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ကားနှစ်စီးနှင့် ကားဖြင့်သယ်ဆောင်လာသော ကြက်သွန်၊ သကြားအိတ်၊ အအေးခန်းပစ္စည်း၊ ကားပစ္စည်း၊ ရေစုပ်စက်ပစ္စည်းများ မီးလောင်ခံရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့တစ်လွှား အားကစား

## မန်ယူနှင့် ရီးရဲတို့၏ သဘောတူညီချက် စိတ်ညစ်နေသော နစ္စတယ်ရွိုင်း ပြိုးရယ်နိုင်ပြီ

**ရေးသားတင်ပြသူ**

**မြင့်မောင်စိုး**

လန်ဒန် ဇူလိုင် ၂၈

**နစ္စတယ်ရွိုင်းအား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရေး မန်ချက်စတာယူနိုက်တက်အသင်းနှင့် လက်မှတ်ရေးထိုးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်းက ဇူလိုင် ၂၇ရက်က ပြောကြားသည်။**

### ထုတ်လွှင့်

ရီးရဲမက်ဒရစ်က ထိုသို့သဘောတူညီလိုက်ခြင်းကိုယင်း၏ ဝက်ဘ်ဆိုက်တွင် ဇူလိုင် ၂၇ ရက်၌ ထုတ်လွှင့်ကြေညာလိုက်သည်။ သို့ရာတွင် ပြောင်းရွှေ့ကြေးကိစ္စ အသေးစိတ်ကို ဖော်ပြခြင်း မရှိသေးပေ။

### မျှော်လင့်

နစ္စတယ်ရွိုင်းပြောင်းရွှေ့စရိတ်ကို မန်ယူကအနည်းဆုံးပေါင် ၁၅သန်း ရရှိရန် မျှော်လင့်ထားသည်ဟုဆိုသည်။

### ခွင့်ပြုလိုက်ပြီ

ယင်းကြေညာချက်တွင် မန်ယူမှ နစ္စတယ်ရွိုင်းအား ဆေးစစ်ဆေးမှုခံယူရေးအတွက် စပိန်သို့ စေလွှတ်ရန် ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်မှာ အပြီးသတ်မဖြစ်သေးကြောင်း ဖော်ပြသည်။

နစ္စတယ်ရွိုင်းသည် ဇူလိုင်၂၈ ရက် နံနက်ပိုင်းတွင် ဆေးစစ်မှု ခံယူပြီး ညနေပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းသားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်က ပြောကြားသည်။

အဆိုပါ နယ်သာလန်ကစားသမားအား ဇူလိုင်၂၇ရက် နံနက်ပိုင်းတွင် ရီးရဲမက်ဒရစ်က ပေါင် ၁၀ ဒသမ၃သန်းပေးခဲ့ကြောင်း သိရသည်။

### ရယ်နိုင်ပြီ

ထိုသို့ ရီးရဲမက်ဒရစ်နှင့် မန်ယူတို့ သဘောတူညီမှု ရရှိသွားသဖြင့် နစ္စတယ်ရွိုင်း၏ မန်ယူမှထွက်လိုသော ဆန္ဒအရနစ္စတယ်ရွိုင်းတစ်ယောက် ပြုံးရယ်နိုင်ပြီဖြစ်သည်။ ။**(အင်တာနက်)**

**ဝမ်းသာပီတိ**

**ယူရို ၁၅သန်းဖြင့် ရီးရဲမက်ဒရစ်က စာ ချုပ် လိုက် သည့် နစ္စတယ်ရွိုင်း၏ ဝမ်းသာပီတိ အပြုံး။**

(ဓာတ်ပုံ-အင်တာနက်)

## ဂျူဗင်းတပ်စ် ဘယ်ရောက်ရောက် အသင်း၌ဆက်ရှိနေမည်ဟု နက်ဗက်ပြောကြား

**နက်ဗက်**

**ဂျူဗင်းတပ်စ်တွင် ဆက်နေလိုသော နက်ဗက်။**

(ဓာတ်ပုံ-အင်တာနက်)

**ရောမ ဇူလိုင် ၂၈**

ဂျူဗင်းတပ်စ်အသင်း စီးရီးဘီဆင်းရသော်လည်း ၎င်းအသင်း၌သာ ဆက်လက်ကစားသွားရန် ဆုံးဖြတ်ထားကြောင်း ကွင်းလယ်ကစားကွက် ဖန်တီးရှင် ပေဗယ်နက်ဗက်က ပြောကြားသည်။

### အမိန့်ချမှတ်

ဂျူဗင်းတပ်စ်အသင်းသည် လွန်ခဲ့သောဘောလုံးရာသီက လုပ်ပွဲကစားခဲ့မှုကြောင့် အီတလီဘောလုံး အဖွဲ့ချုပ်တရားရုံးက ဒုတိယတန်းသို့ဆင်းရန် အမိန့်ချမှတ်ခဲ့သည်။

### အခြေတကျနေထိုင်

မိမိသည် ဂျူဗင်းတပ်စ်အသင်းတွင် ဆက်လက်နေသွားမည်ဆိုသည်မှာ သံသယမဖြစ်ကြောင်း၊ မည်သည့်ကမ်းလှမ်းချက်ကိုမျှလည်း လက်မခံကြောင်း၊ မိမိနှင့်မိသားစုမှာ တူရင်မြို့၌ အခြေတကျနေထိုင်လျက်ရှိကြောင်း အသက် ၃၃ နှစ်ရှိ နက်ဗက်က ၎င်း၏ ကလပ်ဝက်ဘ်ဆိုက်၌ ပြောကြားသည်။

### အပြစ်ရှိ

ဂျူဗင်းတပ်စ်၊ လာဇီယို၊ အေစီမီလန်နှင့် ဖီအိုရင်တီးနားအသင်းများသည် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအတွင်း ဒိုင်လူကြီးများနှင့်စည်းကြပ်ဒိုင်များ၏ ထွက်ဆိုချက်အရ လုပ်ပွဲဖြင့် မမှန်မကန်ကစားခဲ့ကြောင်း၊ အပြစ်ရှိကြောင်း ထွက်ဆိုခဲ့သည်။

ဇူလိုင် ၂၅ ရက်က ထိုလေးသင်း၏ ပြစ်ဒဏ်များကို တရားရုံးက အယူခံတင်သွင်းချက်ကို ကြားနာစစ်ဆေးပြီး ပြစ်ဒဏ်များလျှော့ပေးခဲ့သည်။

### နုတ်ပယ်ခံရမည်

သို့ရာတွင် ဂျူဗင်းတပ်စ်အသင်းသည် လာမည့်ရာသီတွင် စီးရီးဘီသို့ ဆင်းရမည့်ပြင် ရမှတ် ၁၇ မှတ်ကိုပါ နုတ်ပယ်ခံရမည် ဖြစ်သည်။

ကမ္ဘာ့ဖလား ဆွတ်ခူးခဲ့သော အီတလီအသင်းခေါင်းဆောင် ကင်နာဗာရို၊ ဘရာဇီးကွင်းလယ် ကစားသမား အီမာဆင်နှင့်ပြင်သစ် နောက်တန်းလူ သူရမ်နှင့်ဇမ်ဘရော့တာတို့သည် ဂျူဗင်းတပ်စ်ကိုကျောခိုင်းကာ စပိန်သို့ပြောင်းသွားပြီဖြစ်သည်။ ။ **(အင်တာနက်)**

# ကမ္ဘာ့ဘောလုံးသတင်းနောက်ဆုံးဖြစ်ရပ်များ

**ကမ္ဘာ့ဘောလုံးသတင်းများ၏ နောက်ဆုံးအဖြစ်အပျက်များကို စုစည်းပြီး မြန်မာ့အလင်းဘောလုံးပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။**

**စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ**

### ဘရာဇီးအသင်း၏နည်းစနစ်မှူးဇာဂါလို နုတ်ထွက်

ဘရာဇီးဘောလုံးအသင်း၏ နည်းစနစ်ပိုင်းဆိုင်ရာ ညှိနှိုင်းရေးမှူး မာရီရိုဇာဂါလိုသည် ၎င်း၏ရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်သည်။ ဇာဂါလိုသည် ဘရာဇီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရီကာနိုတေဇီးရားနှင့် တွေ့ဆုံပြီးနောက်ပိုင်း ရာထူးမှ နုတ်ထွက်ခဲ့ခြင်းကို ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇာဂါလိုသည် ဘရာဇီးအသင်းတွင် ၁၉၅၈နှင့် ၁၉၆၂ခုနှစ်တို့တွင် ပါဝင်ကစားခဲ့သူ တစ်ဦးဖြစ်ပြီး ၁၉၇၀ မက္ကဆီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

ထို့အပြင် ၁၉၉၄ခုနှစ် ဘရာဇီးအသင်း ကမ္ဘာ့ဖလားလေးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့သည့် အချိန်ကလည်း နည်းပြကားလို့စ်အယ်ဘာတိုပရဲရား၏ လက်ထောက်နည်းပြအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။



**မန်ယူက ခေါ်လိုသည့် အင်္ဂလန်ကွင်းလယ်ကစားသမား ကာရစ်။** (ဓာတ်ပုံ-အင်တာနက်)

### မန်ယူက မိုက်ကယ်ကာရစ်ကိုခေါ်ယူရန် ချဉ်းကပ်နေ

မန်ယူအသင်းသည် ကွင်းလယ် ကစားကွက်ကို အားဖြည့်ရန်အတွက် တော့တင်ဟမ် ကစားသမားနှင့် အင်္ဂလန်အသင်း ကွင်းလယ်ကစားသမားဖြစ်သူကာရစ်အား ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်သည် ကမ္ဘာ့ဖလားပွဲ မတိုင်မီကပင် မိုက်ကယ်ကာရစ်ကို ခေါ်ယူရန် ကြိုးစားခဲ့ရာ ပေါင်ငွေ ၁၀သန်းခန့်ဈေးပေးခဲ့သဖြင့် တော့တင်ဟမ်က တုံ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

မန်ယူသည် ယခုအခါ နစ္စတယ်ရွိုင်းကို ရီးရဲမက်ဒရစ်သို့ ပေါင်ငွေ ၁၀သန်းကျော်ဖြင့် ရောင်းချခဲ့ပြီဖြစ်ရာ ၎င်းငွေဖြင့် မန်ယူက မိုက်ကယ်ကာရစ်ကို ဝယ်ယူမည်ဖြစ်သည်။ သို့သော် တော့တင်ဟမ်က ပေါင် သန်း ၂၀မရလျှင် မရောင်းဟု ဈေးဆိုနေခဲ့ရာ ယခုအခါ ပေါင် ၁၆ သန်းခန့်နှင့် ဈေးတည့်ဖွယ်ရှိနေသည်။ အရောင်းအဝယ်ဈေးတည့်ပါက မန်ယူတွင် ပြောင်းရွှေ့ခ ဈေးအကြီးဆုံး ဘောလုံးသမားများဖြစ်သည့် ဖာဒီနန်၊ ဗီရွန်၊ ရွန်နေနှင့် နစ္စတယ်ရွိုင်းတို့ပြီးလျှင် ငါးဦးမြောက် ဈေးအကြီးဆုံး ဘောလုံးသမားတစ်ဦး ဖြစ်လာမည်ဖြစ်သည်။

### ဘလက်ဘန်းက မက္ကာသီနှင့် စာချုပ်ပြီ

ပေါ်တိုအသင်းတိုက်စစ်မှူးဘင်နီမက္ကာသီကို ဘလက်ဘန်းအသင်းက လေးနှစ်စာချုပ်ချုပ်ဆိုရန် ခေါ်ယူလိုက်ပြီဖြစ်သည်။ ထိုသို့ ပြောင်းရွှေ့ခေါ်ယူရာတွင် အလွတ်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက်၂၈နှစ်အရွယ်ရှိ တောင်အာဖရိက ဘောလုံးသမားမက္ကာသီသည် ယခင်က အေဂျက်စ်နှင့် ဆဲလ်တာဗီဂိုအသင်းတို့တွင် ကစားခဲ့သူတစ်ဦးဖြစ်သည်။

### မာဆေးအသင်းက ကမ်းဘဲလ်ကို လိုချင်ကြောင်း အတည်ပြုပြောကြား

အင်္ဂလန်အသင်း နောက်ခံလူနှင့် အာဆင်နယ် နောက်တန်းခံစစ်မှူး ဆိုးကမ်းဘဲလ် **(အပေါ်ဝဲပုံ)**ကို စာချုပ်ချုပ် ခေါ်ယူရန် မိမိတို့ကြိုးစားခဲ့ကြောင်း မာဆေးကလပ်က အတည်ပြု ပြောကြားလိုက်သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဆိုးကမ်းဘဲလ်သည် အာဆင်နယ်တွင် ငါးနှစ်တာကစားခဲ့ပြီးနောက် အသင်းပြောင်းရွှေ့ရန် အခြေအနေရှိရာ မာဆေးကလပ်က ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ မိမိတို့ကလပ်က စိတ်ဝင်စားသည့် ဘောလုံးသမားများ ရှိကြောင်း၊ ယင်းစာရင်းတွင် ဆိုးကမ်းဘဲလ် ပါဝင်ကြောင်း မာဆေးကလပ် ဘုတ်အဖွဲ့က ပြောကြားသည်။

ကမ်းဘဲလ်သည် ၂၀၀၁ခုနှစ်က တော့တင်ဟမ်အသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အာဆင်နယ်အတွက် ပွဲပေါင်း ၁၉၇ပွဲ ကစားပေးခဲ့သလို အင်္ဂလန်အသင်း အတွက်လည်း ၆၈ပွဲ ကစားပေးခဲ့သူဖြစ်သည်။ ကမ်းဘဲလ်က သူ့အား အီတလီ၊ စပိန်နှင့် ဂျာမနီကလပ်များက စိတ်ဝင်တစား ခေါ်ယူမှုရှိနေကြောင်း ပြောကြားသည်။

### နောက်တန်းခံစစ်မှူးများကို အလျင်စလိုပြောင်းလဲမည်မဟုတ်ဟု ဝင်းဂါးပြောကြား

အာဆင်နယ်အသင်းတွင် နောက်တန်းအားနည်းချက်များ ရှိနေပြီး ဒဏ်ရာရသူများရှိသော်လည်း အစားထိုးပြောင်းလဲမှုများကို အလျင်စလို လုပ်မည်မဟုတ်ကြောင်း အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါး **(အပေါ်ပုံ)** က ပြောကြားလိုက်သည်။

နောက်တန်းခံစစ်မှူးများကို အစားထိုးရန်အတွက် လက်ရှိ လူများထက် ပိုကောင်းသူများကို မိမိမတွေ့သေးကြောင်းလည်း အာဆင်ဝင်းဂါးက ပြောကြားသည်။ ။ **(အင်တာနက်)**


TECH
-705702, 539531
City & Guilds (UK) Engineering Diploma
4.8.2006
Diploma In Plumbing
Diploma In Electrical Installation
Diploma In Air-Conditioning & Refrigeration
9.8.2006
Civil Engineering Diploma
Applied Mechanical Engineering Diploma
Applied Mechatronic Engineering Diploma
Applied Electronic Engineering Diploma
Applied Electrical Power Engineering Diploma



**အများသိစေရန် အသိပေးကြေညာချက်**

သားငယ်(ခေါ်)သောင်းထိုက်ဦး၁၄/ပသန(နိုင်)၀၈၃၇၂၀သည် ၁-၄-၂၀၀၆ ရက်မှစ၍ မိုးပုလဲဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ စာရင်းများကို တာဝန်ယူရှင်းလင်းပေးရန် ပျက်ကွက်ခြင်း၊ ၂-၇-၂၀၀၆ရက်မှစ၍လည်း လုပ်ငန်းကို လာရောက်ဆက်သွယ် ဆောင်ရွက်ခြင်းမရှိသည်အတွက် ယင်းနေ့ ၂-၇-၂၀၀၆ရက်မှစ၍ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိုးပုလဲ ဗီဒီယိုထုတ်လုပ်၊ ဖြန့်ချိရေး။**



**အမြန်ရောင်းမည်**

ပ/၅--- (ငါးထောင်ကျော်) Nissanဆလွန်း (အနီ) 1C diesel ပြောင်းပြီး၊ အခွန်ကျေ။

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၉-၇၃၄၁၄။**


### တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇူလိုင် ၂၈**

ဒေါက်တီနီသည် ဇူလိုင်၂၈ရက်က ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)၊ ပါမောက္ခဦးဝင်းမြင့် (ခွဲစိတ်) နှင့် ဦးရှောစိန်တို့နှင့်အတူ ပန်းလှိုင်ဂေါက်ကွင်း၌ ကစားကြစဉ် နံနက် ၆နာရီခွဲ၌ကျင်းအမှတ် ၃တွင် Red Tee မှနေ၍ Ultra-4 ဂေါက်သီးအား Callaway Iron တုတ်အမှတ် ၇ ဖြင့် ရိုက်ကစားရာ ၁၁၄ ကိုက်အကွာကျင်းသို့တစ်ချက်တည်းဖြင့်ကျင်းဝင်သွားခဲ့သည်။ **(က-ပ)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။

၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။

၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက် လာရောက်ပေးဆောင်ရပါမည်။

၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။**

## မိုင်းဆတ်မြို့တွင် ပန်းအလှပင်များစိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာတွင် ပန်းအလှပင်များစိုက်ပျိုးခြင်းကိုဇူလိုင်၂ရက်ကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စိုက်ပျိုးခဲ့ကြရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

## ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ညောင်လေးပင်မြို့၊ ဈေးအရှေ့လမ်း၊ အမှတ် ၈၁ နေ ဦးမောင်မောင်အောင်–ဒေါ်ခင်မာညိုတို့၏သားကြီး

**ဗိုလ်ကြီးအောင်ဖေသက် B.Sc (D.S.A)**

**M.Sc (Physics)**

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းလမ်း၊ အမှတ် ၁၀နေ ဦးသာအေး–ဒေါ်မာမာရီတို့၏သမီးကြီး

**မရီနွယ်အေး B.A (Eco)**

**(Diploma in Financial Accounting)**

တို့သည် ၂၈–၇–၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်၌ ခေါ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်ဖေသက်–မရီနွယ်အေး။**

## အမည်မှန်

အထက ဗထူး တက္ကသိုလ်ဝင်တန်း(S)တွင် ပညာသင်ကြားနေသော မလွင်မာသိန်း၏အမည်မှန်မှာ မလွင်မာသိမ့် ဖြစ်ပါကြောင်း။

**မလွင်မာသိမ့်။**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ် ၇၆၄၉၇၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

**ဖုန်း–၀၉–၉၉ ၂၂၉၉၄။**

## တိုက်ခန်းရောင်းမည်

၂၅ ပေ x ပေ ၅၀ ဒုတိယထပ် အဆင့်မြင့်ပြင်ဆင်ပြီး ရေမီးကိုယ်ပိုင်၊ 2/A/Cစလောင်း၊ ဟံသာရိပ်မွန်၊ လမ်းမတန်း၊ကမာရွတ်။ **ဖုန်း–၀၉–၅၁၀၂၂၇၇ ၅၁၁၈၅၇။**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန် ၂လမ်းရှိ ခြံအမှတ် ၂၁၊ နှစ် ၆၀ဂရန်မြေနှင့်တကွ ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်မြင့်မြင့်စိုး ၁၂/ဒဂန(နိုင်)၀၀၇၀၉၁၏ ပြန်လည်ရုပ်သိမ်းခွင့်မရှိသည့် အထူးကိုယ်စားလှယ်လွှဲစာရသူ ဒေါ်မြခွာညို ၉/မနမ(နိုင်)၀၀၅၃၇၅ အမှတ် ၃၄၊ ၂၂ x ၈၂ လမ်းထောင့် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းနေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးတိုင် လက်ရောက်ဝယ်ယူမည်ဖြစ်ပါသဖြင့် အရောင်းအဝယ်ကိစ္စ၏ တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်ပြီးဖြစ်ပါသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာမှန်ကန်သော စာရွက်စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ ဖော်ပြပါနေ့ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ကိစ္စအရပ်ရပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးတင်ထွေး(အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး) (စဥ်–၉၉၃၉)**
**အမှတ် ၁၀၇၊ မြေညီ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း– ၂၉၉၉၁၁၊ ၀၉–၅၁၅၉၁၃၂။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၉၆၂ Nissan Sunny Pick up ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်စုစုလွင် ၁၂/ရကန(နိုင်)၀၀၄၅၈၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အရှေ့ပိုင်း၊ခရိုင်ရုံး၊ရန်ကုန်မြို့။**

## မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)




**အခွန်ပုံစံ(၁) ပျောက်ဆုံးခြင်း**

ဦးစောဂီဒီယန်ထူး ပိုင်ဆိုင်သော ယာဉ်အမှတ် စ/၁၈၆၁၏ မော်တော်ယာဉ် အခွန်ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်–တစ်ဆင့်ဖုန်း–၇၀၅၉၃၃။**

# စီမံကိန်းဝင် သစ်ပင်စိုက်ပျိုးပွဲ နတ်တလင်း၌ကျင်းပ

နတ်တလင်း ဇူလိုင် ၂၅

**နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းဝင် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက သက်ငယ်ပြင်ကျေးရွာအုပ်စု သနပ်ကွင်းကျေးရွာအနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် ၁၃၅/၁ အနီးတွင် ကျင်းပသည်။**(ဝဲပုံ)

## စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတော်သို့ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း ဦးဆောင်၍ ပဲခူးတိုင်း(အနောက်ပိုင်း)သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုး၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးဇော်မျိုးလှိုင်တို့က စိုက်ပျိုးကြသည်။

## တက်ရောက်

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင်၊ မယ်ဇလီ၊ သစ်ဆိမ့်၊ ယင်းမာနှင့် အော်ရီရှားစသည့် ပျိုးပင်ပေါင်း ၂၀၀၀ ကျော်ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကလေးဝမြို့ မြို့မဈေးအတွင်း ဇွန် ၂၂ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင် ရှင်းလင်းတင်ပြစဉ်။** (၄၁၇)

# မိုင်းယောင်း၌ ပညာသင်ထောက်ပံ့ကြေးများပေးအပ်

**မိုင်းယောင်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မိုင်းယောင်းမြို့ ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က လှူဒါန်းသောငွေကျပ် ၉၇၈၀၀ တန်ဖိုးရှိ ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူတစ်ဦးထံပေးအပ်သည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဖြူးမြို့တောင်ဘက် မြို့အဝင် ဆိုင်းဘုတ် ပတ်ဝန်းကျင် မြေယာအလှရှုခင်းဆောင်ရွက်မှုကို ဇူလိုင်၁ရက်က အမှုဆောင်အရာရှိနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်လေးသန့်တို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ် စည်ပင်)

# ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ကျိုက်ထို ဇူလိုင် ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် ဇူလိုင်၂၃ရက်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိန်မြင့်နှင့် ဝန်ထမ်းမိသားစုများက ဂေဟာရှိ တိုင်းရင်းသားကလေးများအတွက် ငွေကျပ်တစ်သိန်းဖိုးရှိ စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းကြပြီး ခြံစည်းရိုးကြက်ဆူပင် ၂၀၀၀ကျော်ကို ကလေးများနှင့်အတူ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

**တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်ရှေ့ရှိ မြေယာရှုခင်းအလှ ဆောင်ရွက်မှုလုပ်ငန်းကို ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၆ ရက်**
**၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာများ-သိပ္ပံမှူးတင်)
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သစ်တောစီးပွားကဏ္ဍ၏ ခြေလှမ်းသစ်)
၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ဒီဇိုင်းလှလှခေတ်မီစွာ ဖက်ရှင်ကျကျဝတ်ဆင်ပါ)
၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မိုးရေစက်ကလေး ဥပမာတင်
(၂) မိုးခိုခဲ့တာလေးမှတ်မိလား
(၃) မိန်းကလေးရှင်ရဲ့ဆန္ဒ
၁၂း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အတ္တနဲ့ပရ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ကာလီဒါသ၏ မိုးတိမ်ကဗျာများ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၀၀ သူ့လက်သံ (နိုင်ငံတော်ဆိုင်းနှင့် မဟာဂီတအဖွဲ့မှ တေးသံစုံ)
၁၇း၁၅ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (လယ်ထွန်မင်္ဂလာပွဲများနှင့် လယ်ထွန်မင်္ဂလာဘွဲ့သီချင်းများ-တက္ကသိုလ်ညိုသန့်)
၁၇း၃၀ တေးသံရှင်အကြိုက် (မောင်မောင်ထိပ်)
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉း၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working Knowledge
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သံသရာဆုတောင်း
(၂) ပျံသန်းရမည့်နေ့
(၃) ခွဲခွာလို့ဖြင့်မနေချင်

# ရေတာရှည် အခြေခံပညာအထက်တန်းကျောင်း ကြက်ခြေနီ ရှေးဦးသူနာပြု သင်တန်းဖွင့်

ရေတာရှည် ဇူလိုင် ၂၃

**ရေတာရှည်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ကျောင်းကြက်ခြေနီရှေးဦးသူနာပြုသင်တန်း(၂/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ရက်မွန်းလွဲ ၂နာရီက ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန် ဒေါက်တာဦးသန်းထွဋ်ဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူးဦးအောင်ကျော်မိုးနှင့်မြို့နယ် ပညာရေးမှူး ဦးစံငွေတို့က အမှာစကားပြောကြားကြသည်။

## ရည်ရွယ်ချက်

ထို့နောက် ကြက်ခြေနီကြီးကြပ်ရေးမှူး ဦးအောင်မြင်က သင်တန်းရည်ရွယ်ချက်နှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ကြက်ခြေနီမောင်မယ် ၁၀၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်တစ်ပတ်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ဘိုကလေးမြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၇ရက်က မြို့သစ်ရပ်ကွက် မြို့သစ်ကန်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ ပါဝင်စိုက်ပျိုးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ဝင်တံတားကို ကွန်ကရစ်တံတားအဖြစ်ပြုပြင်တည်ဆောက်ရန် ဇူလိုင် ၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ကျောက်တံခါးမြို့မဈေး စုပေါင်းသန့်ရှင်း

**ကျောက်တံခါး ဇူလိုင် ၁၂**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျောက်တံခါးမြို့မဈေးအတွင်း သန့်ရှင်းရေးအတွက် အမှိုက်များစနစ်တကျသိမ်းဆည်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇူလိုင် ၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**အုတ်ဖို ဇူလိုင် ၁၇**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် သစ်တောဦးစီးဌာန၏ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၁ရက် နံနက်က အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာနှင့် အုတ်ဖိုမြို့နယ် ဆက်သွယ်ရေးလမ်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ထွန်းကြည်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာပြည်သူများစုပေါင်း၍ ကျွန်းပင်နှင့်အရိပ်ရပျိုးပင်ပေါင်း ၁၇၆၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ)** **(ဝ၇၄)**

# မော်လမြိုင် အထက(၆)ကျောင်းဝင်း၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး

မော်လမြိုင် ဇူလိုင် ၂၂

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်၊ အရိပ်ရနေကာပင်၊ သီးပင်စားပင်၊ ပရဆေးပင်၊ ပန်းအလှပင်များစုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင်၁၆ရက်က မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။** (ဝဲပုံ)

**စုပေါင်းစိုက်ပျိုး**

အခမ်းအနားသို့ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးမင်းကျော်ဝေ၊ လက်ထောက်ပြည်နယ် ပညာရေးမှူး (စီမံ) ဦးမင်းထွန်းရီ၊ မြို့နယ်ပညာရေးမှူး ဦးမင်းမျိုးတင့်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကို၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အပါအဝင် အင်အား ၁၈၀၀ ကျော်တို့က စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးပွဲတွင် ခြံစည်းရိုး ကြက်ဆူပင် ၅၀၀၀ နှင့် အရိပ်ရနေကာပင်၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် ပန်းအလှပင် ၈၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(၁၆၈)**

# ပေါက်မြို့နယ် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ပေါက် ဇူလိုင် ၁၂**

ပေါက်မြို့နယ် စည်နီးကျေးရွာအုပ်စု ညောင်ရင်းကျေးရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးအရာရှိ၊ ပေါက်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းတို့က စာကြည့်တိုက်ဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်ဝင်းက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ညောင်ရင်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဖြိုးက လက်ခံယူသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၈**

ဗုဒ္ဓသာသနာအစွန့်ရှည်တည်တံ့လေအောင် မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရာ ယခုအခါ ဝိနည်း ပိဋကတ်ဝင်စူဠဝါဂပါဠိတော် စာအုပ်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ ရန်ကင်းမြို့နယ် အနောက်ရန်ကင်း ရန်ရှင်းလမ်း စည်ပင်သာယာရိပ်သာ အမှတ် ၁၆ နေ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)-ဒေါက်တာစုစုနိုင်၊ သမီး မအေးသီရိကျော်၊ ခင်ရတနာကျော်၊ နှစ်ဖက်သောမိဘများအား ရည်စူးအမျှထား၍ ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ၇ လမ်း အမှတ် ၁၄၅ နေ ဦးခင်သိန်း-ဒေါ်သန်းသန်းရွှေ မိသားစု၊ နှစ်ဖက်သောမိဘများအား ရည်စူးအမျှထား၍ ကျောက်မြောင်းကျားကွက်သစ်လမ်း အမှတ် ၅၁ နေ ဦးအောင်ကျော်စိန်-ဒေါ်အေးနု မိသားစု၊ နှစ်ဖက်သောမိဘများအား ရည်စူးအမျှထား၍ ပဲခူးမြို့နေ ဦးမြင့်စိုး-ဒေါ်သီတာလှ၊ မိဘနှစ်ပါးအား ရည်စူး၍ ဗိုလ်တထောင်မြို့နယ် ၄၇လမ်း အမှတ် ၁၇၉နေ ဦးဝင်းထွန်း၊ ညီမ ဒေါ်ညွန့်ညွန့်ထွေး၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းနေ ဦးတင်မြင့်-ဒေါ်အမာတို့အား အမျှထား၍ သမီး မဝါဝါဝင်း၊သင်းသင်းဝါ၊လင်းလင်းဝါ၊ သားမောင်မင်းသူရိန်၊ မောင်ရဲထွန်းဦး၊ နှစ်ဖက်သောမိဘများကို ရည်စူး၍ အင်းစိန် မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်း အမှတ်(က/၆၇)နေ ဦးစောထွန်း-ဒေါ်ခင်လှဲ့ဝင်း၊ သမီး မခင်မာသင်း၊ မဇင်မာဝင်း မိသားစု၊ လမ်းမတော် ၁၆ လမ်း အမှတ် ၉၈ ခြောက်လွှာနေ ဦးသိန်းရွှေ-ဒေါ်တင်နွယ်မိသားစုတို့က ကြေးပြားတစ်ချပ်စီ၊ ဗဟန်းမြို့နယ် ဓမ္မပါလလမ်းနှင့် တင့်ဆန်းလမ်းထောင့် အမှတ် ၁၀ နေ ဦးထွန်းစိန်-ဒေါ်ကျော့ထွေး၊ လမ်းမတော် ၁၆ လမ်း အမှတ် ၉၈ ခြောက်လွှာနေ ဦးစိုးပိုင်-ဒေါ်သဇင်ဦးတို့က ကြေးပြားနှစ်ချပ်စီ အသီးသီး လာရောက်လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် အလှူငွေ ကျပ် ၁၈၀၀၀ ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်း တော် ရာ ရွှေ ကျင် တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## တံတားပြင်ဆင်

**အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ထူးကြီးဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တံတားပြင်ဆင်ရန် ဇူလိုင် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## အဆိုပြုလွှာပေးအပ်

**ဇူလိုင် ၂၂ရက်က ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်ညီလာခံတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူထံ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်စဉ်။** (က-ပ)

## အမှိုက်နှင့်နုန်းမြေများတူးဖော်ရှင်းလင်း

**မြစ်ကြီးနား ဇူလိုင် ၃**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့် ဒုတိယ ဦးစီးမှူး(သန့်)ဦးသန်းဝင်းတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၁၅ရက်က ပြည်ထောင်စုလမ်းဘေးဝဲယာရှိ မြေမြင့်၊ ယုဇနရပ်ကွက် လမ်းများ ရေမဝပ်ရေးဆောင်ရွက်ခြင်း၊ ရပ်ကွက်လမ်းဘေး ဝဲယာရှိ ရေမြောင်းများအတွင်းရှိ အမှိုက်နှင့်နုန်းမြေများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင်စုပေါင်း စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ရက်က လေဆိပ်လမ်းမဘေး မြေနှစ်ကေတွင် ကျင်းပရာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)






**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၂၂၇၈၃ Honda °C°90 Wstom CMSယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်တင်တင်လဲ့ မှတ်ပုံတင်အမှတ် ၉/ပကခ(နိုင်)၀၀၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေး၊ တောင်ပိုင်း) မန္တလေးမြို့။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၇၀၇၅၄ Honda C 90 Wstom Cmpယာဉ် လက်ဝယ်ရှိသူ ဒေါ်သင်းမြင့်သူ မှတ်ပုံတင်အမှတ် ၉/ပကခ(နိုင်) ၀၀၈၀၁၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေး၊ တောင်ပိုင်း) မန္တလေးမြို့။**

**အရွယ်မရောက်သေးသော သူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ**
**(အုပ်ထိန်းသူ လူကြီးနှင့် အုပ်ထိန်းခံရသူ သူငယ်တို့ အက်ဥပဒေပုဒ်မ ၁၁)**
**တောင်ကြီးမြို့ ရှမ်းပြည်နယ် တရားရုံးတော်၌**
**၂၀၀၆ ခုနှစ်၊ တရားမထွေထွေလျှောက်လွှာ အမှတ် (၉)**

လျှောက်သူ

**ဦးဇော်လွင်စိုး အမှတ် ၁၂(ဂ) ကျောက်တလုံးလမ်း သစ်တောရပ် တောင်ကြီးမြို့။**

တောင်ကြီးမြို့ သစ်တောရပ်ကွက် ကျောက်တလုံးလမ်း အမှတ် ၁၂(ဂ)နေ အရွယ် မရောက်သေးသော သူငယ်နှင့် ၎င်းပိုင်ပစ္စည်းအကြောင်း။

တောင်ကြီးမြို့ သစ်တောရပ်ကွက် ကျောက်တလုံးလမ်း အမှတ် ၁၂(ဂ)နေ ဦးဇော်လွင်စိုးက **အထက်ဖော်ပြပါ လိပ်စာနေ အရွယ်မရောက်သေးသော သူငယ်** ၁။ မသိမ့်သိမ့်သွေး (၁၆)နှစ် ၂။ မောင်အေးချမ်းကိုကို (၁၃)နှစ် ၃။ မထက်ထက်ထွန်း (၉)နှစ်တို့၏ ဦးလေးအရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်တို့၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူ အဖြစ်ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထွက်ဆင့်တော်မူသည်။

ထိုလျှောက်ထားချက်ကိုလည်း ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၇ ရက် (၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော်၉ ရက်)နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ဆိုင်ဆိုရန် ချိန်းချက်တော်မူသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မျိုးမြင့်**
**ပြည်နယ်တရားသူကြီး**
**ရှမ်းပြည်နယ်တရားရုံး။**

**ဦးသန်းထိုက်(မန်နေဂျင်းဒါရိုက်တာ) ၁၂/လသန(နိုင်)၀၀၂၇၆၀ "သန်းထိုက်အောင်" ဆောက်လုပ်ရေးကုမ္ပဏီသိစေရန် ကြေညာချက်**

ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် မင်္ဂလာဆင်မင်းအိမ်ရာ တိုက်(၄)၊ အခန်း (၃၀၄/၃၀၅)နေ ဒေါ်မိုးစန္ဒာဆွေ ၁၂/အလန(နိုင်)၀၂၆၃၅၃၊ ဦးမျိုးမြင့်ဆွေ ၁၂/အလန(နိုင်) ၀၂၆၃၅၄ တို့၏ ညွှန်ကြားချက်အရ ဦးသန်းထိုက်သည် တိုက်ခန်းအရောင်းအဝယ်စာချုပ်များအရ ဒေါ်မိုးစန္ဒာဆွေ၊ ဦးမျိုးမြင့်ဆွေတို့ထံမှ အလုံစောရန်ပိုင်(မြောက်) ဆင်မင်းလမ်း အမှတ်(၁၀၅) မြေညီထပ် တိုက်ခန်းဝယ်ငွေတန်ဖိုး၏ $\frac{3}{4}$ ကို ရယူပြီး စာချုပ်ပါအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မရှိ၊ သတ်မှတ်ရက် ၃၁–၁–၂၀၀၆ ရက်အထိ တိုက်ခန်းလက်ရောက်ပေးအပ်ခြင်း မရှိဘဲ ရှောင်တိမ်းနေပါသည်။ အလုံမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ညှိနှိုင်းရန်လည်း ကိုယ်တိုင်လာရောက် တွေ့ဆုံညှိနှိုင်းခြင်းမရှိပါ။ စာချုပ်ပါအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်၍ စာချုပ်အရ ရယူထားသော ငွေ၏နှစ်ဆဖြစ်သော နစ်နာကြေးငွေ(သို့မဟုတ်) တိုက်ခန်းနှင့် နစ်နာကြေးငွေကို ဦးသန်းထိုက်မှ ဤကြော်ငြာပြီး တစ်ပတ်အတွင်း နောက်ဆုံးထား၍ပေးရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ အဆိုပါ တိုက်ခန်းကို တစ်ဆင့်လွှဲပြောင်းရောင်းချ၊ ငှားရမ်း၊ ပေါင်နှံခြင်းမပြုရန် တားမြစ်လိုက်ပါသည်။

**ဦးဝင်းမောင် (ခေတ္တရာ)**
**B.A (Law) LL.B**
**တရားရုံးချုပ်ရှေ့နေ**

**ဒေါ်နီနီထွန်း**
**LL.B**
**အထက်တန်းရှေ့နေ**

**တိုက်(၉/၁၁)၊ အခန်းအမှတ်(၆/၃၀၁) တတိယထပ်၊**
**၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဒေါ်မိုးစန္ဒာဆွေ၊ ဦးမျိုးမြင့်ဆွေတို့၏ ရှေ့နေကြီးများ။**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၉၆၇၇ Honda C90 Wstom CMRယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုးမင်းအောင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၁၄၅၂၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေး၊ တောင်ပိုင်း) မန္တလေးမြို့။**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးထွန်းမောင်(ခ) ထွန်းအေး၏ နိုင်ငံကူးလက်မှတ် အမှတ် ၇၄၅၃၈၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၆၄၁၇၀၃။**

## သံဃာတော်များ သောက်သုံးရေ ဖူလုံစွာရရှိရေး မော်ကျွန်းမြို့၌ စက်ရေတွင်းတူးဖော်လှူဒါန်း

မော်လမြိုင်ကျွန်း ဇူလိုင် ၂၅

**မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံ စာသင်တိုက်ရှိ သံဃာတော်များ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်စေရေးအတွက် အလှူရှင် မော်လမြိုင်ကျွန်းမြို့ ရွှေမြန်မာ လယ်ယာသုံး ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးသောင်းညွှန့်–ဒေါ်တင်ကြည် မိသားစုတို့က ငွေကျပ် ရှစ်သိန်းကျော်တန် စက်ရေတွင်းတစ်တွင်း တူးဖော်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက်က ပစ္ဆိမာရုံကျောင်းတိုက်၌ ကျင်းပသည်။**

**တူးဖော်**

အဆိုပါ စက်ရေတွင်း တူးဖော်ပွဲတွင် ပစ္ဆိမာရုံစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်နှင့် အလှူရှင်မိသားစုများက စက်ရေတွင်း အပြီးသတ် တူးဖော်နေမှုကို ကြည့်ရှုကြသည်။ **(အပေါ်ဝဲပုံ)**

ထို့ပြင် ဦးသောင်းညွှန့်–ဒေါ်တင်ကြည်မိသားစုတို့သည် ရန်ကုန်တိုင်း သန်လျင်မြို့ ပစ္ဆိမာရုံစာသင်တိုက်ခွဲတွင်လည်း စက်ရေတွင်း တစ်တွင်းနှင့် မီးစက်ပစ္စည်းတစ်စုံအတွက် ငွေကျပ် ၁၅ သိန်းကျော်ကို လှူဒါန်းခဲ့သည်။

**(၀၉၇)**



**ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၆ရက်က စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ ဇေယျဝတီ စာသင်တိုက်၌ ကျင်းပရာ ပဓာနနာယကဆရာတော် ဦးဉာဏိန္ဒ အမှူးပြုသော သံဃာတော်များအား အသင်းအမှုဆောင်များနှင့် အသင်းသူ အသင်းသား များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။** (က–ပ)

## မင်းလှမြို့နယ်၌ စီမံကိန်းသစ်ပင် စုပေါင်းစိုက်ပျိုး

**မင်းလှ ဇူလိုင် ၁၇**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်း သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၉ ရက်က သာယာဝတီခရိုင် မင်းလှမြို့နယ် စိန်ကန့်လန့်–မြို့ချောင်း ရိုးမဖြတ်လမ်း မိုင်တိုင် အမှတ်(၄/၃)အနီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဟန်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများတက်ရောက်ကြပြီး ကျွန်းပင် ၅၀ ၊ ကြက်ဆူပင် ၇၂၆၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ လဲမှိုပင် ၅၀၊ မယ်ဇလီပင် ၁၀၀နှင့် မန်ကျည်းပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၂**

ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ ဥက္ကဋ္ဌ ဦးရွှေမန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ကိုးဦးက မြန်မာနိုင်ငံ အမျိုးသမီးများနေ့ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက အမှာစကားပြောကြား ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မြောက်ဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်းပြီး (၁/၂၀၀၆)အခြေခံ စက်ချုပ်သင်တန်း ဖွင့်ပွဲကို ဇွန် ၁၉ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးသီတာညွန့်က သင်တန်းစည်းမျဉ်း စည်းကမ်း များကို ရှင်းလင်းပြောကြားစဉ်။** (မြို့နယ်မိခင်/ကလေး)

### စုပေါင်းစိုက်ပျိုး

**ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင်များကို အဖွဲ့ပိုင် မြေလွတ်တွင် ဇွန် ၂၉ရက်က စိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးဌေးကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော ဒေါက်တာဘရုခ်ဘာရင်တန်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ ( ဇူလိုင် ၂၉ ရက် )

| | |
|---|---|
| နေပြည်တော် | နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ |
| ရန်ကုန် | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ |
| မန္တလေး | မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ |

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်၌တည်ရှိ

ရန်ကုန် ဇူလိုင် ၂၈

**စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပိုလန်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာ ဂျာရိုစလော၊ ကာဇင်(န်)စကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသဖွံ့ဖြိုးရေး ကျပ်သန်းပေါင်း၈၄၇၅၀ အကုန်အကျခံ သုံးစွဲခဲ့ ယခင်ကမရောက်နိုင်၊ မသွားနိုင်သည့်နေရာများ သွားရောက်နိုင်၊ ကူးသန်းသွားလာနိုင်ကြ အဖျက်အမှောင့်အုပ်စုများ၏ လှုံ့ဆော်မှုများ တိုင်းရင်းသားအားလုံးက အမှန်အတိုင်းသိမြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းကာကွယ်ပေးနေ

## တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ

နေပြည်တော် ဇူလိုင် ၂၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(၆၁)ကြိမ်မြောက်**

ညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၆)သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စတင်ခဲ့သည့် ၁၉၈၉ခုနှစ်က စတင်ရေတွက်လျှင် (၆၁)ကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁** ■